# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)


၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက် ၂၀၂၅ ခုနှစ်၊ မတ် ၂၁ ရက်၊ သောကြာနေ့ အတွဲ (၆၄)၊ အမှတ် (၁၇၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov လာရောက်ဂါရဝပြု တွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး က လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် မတ် ၂၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လာရောက်ဂါရဝပြု တွေ့ဆုံသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❐




# ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာအတွက်နေရာ

မျက်မှောက်ကမ္ဘာ့နိုင်ငံရေး အခင်းအကျင်းမှာ ဒုတိယကမ္ဘာစစ်ကြီး၏ အမွေအနှစ်များမှ ဆင်းသက်လာခြင်းဖြစ်ပြီး သက်တမ်းအားဖြင့် နှစ်ပေါင်း ၈၀ ခန့် ရှိခဲ့ပြီဖြစ်သည်။ ဒုတိယကမ္ဘာစစ်ပြီးဆုံးခါနီး ကာလများအတွင်း အမေရိကန်၊ ဗြိတိန်နှင့် ဆိုဗီယက်တို့၏ တီဟီရန်၊ ယော်လ်တာနှင့် ပေါ့စ်ဒမ် ထိပ်သီးဆွေးနွေးပွဲများက စစ်ပြီးကာလ ကမ္ဘာ၏ နိုင်ငံတကာမြင်ကွင်းကို ပုံဖော်ခဲ့ကြသည်။

နယ်ချဲ့လက်အောက်မှ နိုင်ငံအများအပြား လွတ်မြောက်လာကြသည့် ဒုတိယကမ္ဘာစစ်ပြီးခေတ် နိုင်ငံတကာဆက်ဆံရေး၏ ဆုံမှတ်အဖြစ် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကို တည်ထောင်ခဲ့ကြရာတွင် စစ်နိုင်မဟာမိတ် ငါးနိုင်ငံဖြစ်သည့် အမေရိကန်၊ ဆိုဗီယက်၊ ဗြိတိန်၊ ပြင်သစ်၊ တရုတ်တို့မှာ လုံခြုံရေးကောင်စီ၏ ဗီတိုအာဏာသုံးခွင့်ရ အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံ ဖြစ်လာသည်။ ၁၉၄၄ ခုနှစ်တွင် ကျင်းပခဲ့သည့် ဘရက်တန်ဝုဒ်ကွန်ဖရင့်မှ ထွက်ပေါ်လာသည့် ကမ္ဘာ့ငွေရေးကြေးရေးနှင့် ဘဏ္ဍာရေးအစီအစဉ်များမှာ ကမ္ဘာ့ဘဏ်နှင့် နိုင်ငံတကာငွေကြေး ရန်ပုံငွေအဖွဲ့တို့ဖြစ်ပြီး ဖော်ပြပါ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးနှင့် စီးပွားရေးအစီအစဉ်တို့၏ အချက်အချာ နေရာများတွင် အမေရိကန်နှင့် အပေါင်းအပါနိုင်ငံတို့က စိုးမိုးထားခဲ့သည်။

ဒုတိယကမ္ဘာစစ်အတွင်း ဖက်ဆစ်အာဏာရှင် ဝင်ရိုးတန်းနိုင်ငံများကို တိုက်ခိုက်ရာတွင် မဟာမိတ်များအဖြစ် အတူတွဲတိုက်ခဲ့သည့် အမေရိကန်နှင့် ဆိုဗီယက်တို့မှာ စစ်ကြီးပြီးသည့်အခါ ဝါဒရေးရာနှင့် ပါဝါပြိုင်နိုင်ငံများအဖြစ် စစ်အေးတိုက်ပွဲကို ဆယ်စုနှစ်များနှင့်ချီ၍ ဆက်လက်ယှဉ်ပြိုင်ခဲ့ကြရာ ထိုကာလကို "ဒွိဝင်ရိုးကမ္ဘာ" ( Bipolar World) ဟု ခေါ်ခဲ့ကြသည်။ ၁၉၈၉ ခုနှစ်တွင် ဆိုဗီယက်ယူနီယံ ဦးဆောင်သော အရှေ့အုပ်စုတို့ ပြိုကွဲကာ ကမ္ဘာတွင် အမေရိကန်ဦးဆောင်သည့် အုပ်စုသာ ထီးထီးကြီးကျန်ရစ်ခဲ့ပြီး နိုင်ငံတကာဆက်ဆံရေးကို ၎င်းတို့ အလိုအတိုင်း ပုံဖော်ခဲ့သည့် " ဧကဝင်ရိုးကမ္ဘာ" (Unipolar World) ကို ကမ္ဘာ့မိသားစုဝင် နိုင်ငံများအားလုံး ဖြတ်သန်းခဲ့ကြရသည်။

မိမိတို့နိုင်ငံ၏ သမိုင်းကို ပြန်ကြည့်လျှင် မြန်မာ့လွတ်လပ်ရေးအတွက် ကြိုးပမ်းအားထုတ်ခဲ့ကြသည့် တိုးတက်သော မြန်မာလူငယ်များသည် ထိုခေတ်ကာလ ကမ္ဘာ့ရေးရာများအရ လက်ဝဲဝါဒများဆီသို့ တိမ်းညွတ်ခဲ့ကြသည်။ လွတ်လပ်ရေးမရမီမှာပင် ညီညွတ်ရေး ပြိုကွဲခဲ့ပြီး နယ်ချဲ့စနက်မကင်းဟု ယူဆကြသော လုပ်ကြံသတ်ဖြတ်မှုကြီး ဖြစ်ပွားခဲ့ကာ နိုင်ငံကို ပုံဖော်ဖန်တီးမှုမှာလည်း လမ်းကြောင်းပြောင်းခဲ့ရသည်။ စစ်အေးတိုက်ပွဲကာလအတွင်း မြန်မာနိုင်ငံသည် မည်သည့်ဝင်ရိုးဘက်သို့မျှ မလိုက်သည့် ဘက်မလိုက် နိုင်ငံအဖြစ် ရပ်တည်ကာ ကိုယ်ပိုင်ဝါဒလမ်းစဉ်ဖြစ်သော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဖြင့် နိုင်ငံကို ကိုယ့်အားကိုယ်ကိုးတည်ဆောက်ခဲ့သည်။ ကမ္ဘာတွင် စီမံကိန်းချ ဗဟိုကချုပ်ကိုင်သော စီးပွားရေးစနစ် ကျင့်သုံးသော နိုင်ငံများအားလုံး လက်ဝဲဝါဒကို စွန့်လွှတ်ခဲ့ချိန်တွင် မိမိတို့နိုင်ငံ၌လည်း ၁၉၈၈ ခုနှစ်အလွန် နိုင်ငံရေးအပြောင်းအလဲများ ဖြစ်ပေါ်ခဲ့ရသည်။

မျက်မှောက်ကာလတွင် ကမ္ဘာကြီး၏ လားရာမှာလည်း အချိုးအကွေ့အပြောင်းအလဲများ ဖြစ်ပေါ်နေခဲ့ပြီ ဖြစ်သည်။ ကမ္ဘာ့အင်အားကြီး နိုင်ငံများအဖြစ်သို့ တက်လှမ်းလာနေသည့် အားကောင်းမောင်းသန်နိုင်ငံများ ထပ်မံပေါ်ထွက်လာပြီး နိုင်ငံတကာအခင်းအကျင်းမှာ ဗဟုဝင်ရိုးကမ္ဘာအဖြစ်သို့ အရှိန်အဟုန်ဖြင့် ဦးတည်ရွေ့လျားနေသည်။ ဗဟုဝင်ရိုးများ၏ အချက်အချာသည် အာရှဖြစ်ပြီး မိမိတို့နိုင်ငံ၏ တည်နေရာသည် ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေးအရ အာရှ၏ အရေးပါသော နေရာတစ်နေရာတွင် ရှိနေသည်။ ဗဟုဝင်ရိုးကမ္ဘာသို့ အပြောင်းအလဲတွင် စိန်ခေါ်မှုများ၊ အခွင့်အလမ်းများပါရှိနေရာ ၂၀၂၅ ခုနှစ်အလွန်တွင် ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသည့် မြန်မာနိုင်ငံ၏ မြင်ကွင်းများမှာ စိတ်ဝင်စားဖွယ်ပင် ဖြစ်သည်။

နိုင်ငံတကာပညာရှင်များ ပါဝင်သည့် "၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲ" ကို နေပြည်တော်တွင် ယနေ့ကျင်းပလျက်ရှိရာ မိမိတို့နိုင်ငံအပေါ် ပြည်ပပညာရှင်များ၏ ရှုမြင်မှုများကို သိရှိခွင့်ရကြမည်ဖြစ်သည်။ နိုင်ငံတကာအဆင့် ပညာရှင်များ၏ သုံးသပ်ဆွေးနွေးပွဲမှ ပေါ်ထွက်လာသည့် အဖိုးတန်အသိပညာများ၊ အချက်အလက်များကို ထိုက်တန်စွာ အသုံးပြုကာ ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံအတွက် ထိုက်တန်သောနေရာတစ်နေရာကို ရယူကြရပါမည့်အကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

- ☆ ဒို့တာဝန်အရေး (၃) ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏ အဓိကလုပ်ငန်းကြီး (၃) ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။
- ☆ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များကူညီဆောင်ရွက်ပေးရေး။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွေး ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးစိုးနိုင်ထွန်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စီမံရေး၊ ဘဏ္ဍာရေးနှင့်ကျန်းမာရေးဌာနကြီး<br>အမျိုးသားလွှတ်တော်ရုံး | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားလွှတ်တော်ရုံး |
| ( ခ ) | ဦးတင်လတ်စိုး<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်<br>ရောင်းဝယ်ရေးလုပ်ငန်း<br>သယံဇာတနှင့်<br>သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန |

## ၂၀ - ၃ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၅၈၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)
ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## အများအားဖြင့် သာယာမည်

နေပြည်တော် မတ် ၂၀

နေပြည်တော်နှင့် မန္တလေးမြို့ အနီးတစ်ဝိုက်တွင် မတ် ၂၁ ရက်၌ အများအားဖြင့် သာယာမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းမည်။ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ မိုး/ဇလ

## သမဝါယမဦးစီးဌာနဝန်ထမ်းများ အခြေခံစာရင်းကိုင်နှင့် စာရင်းစစ်သင်တန်း(အမှုထမ်း)ဖွင့်လှစ်

တောင်ကြီး မတ် ၂၀

ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ဝန်ထမ်းများအတွက် အခြေခံစာရင်းကိုင်နှင့် စာရင်းစစ်သင်တန်း(အမှုထမ်း) ဖွင့်ပွဲကို မတ် ၁၈ ရက်က သမဝါယမစာရင်းရေး၊ စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း (တောင်ကြီး) မြတ်ဘုန်းရောင်သင်တန်းခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင် တက်ရောက်အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ပြည်နယ်သမဝါယမဦးစီးဌာန ဦးစီးမှူးနှင့်တာဝန်ရှိသူများ၊ ရှမ်းပြည်နယ် (တောင်ပိုင်း/အရှေ့ပိုင်း) သမဝါယမအသင်းစုချုပ်၊ တောင်ကြီးမြို့နယ် သမဝါယမအသင်းစုတို့မှ အသင်းဥက္ကဋ္ဌများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ သမဝါယမစာရင်းရေး၊ စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း (တောင်ကြီး)မှ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ပြီး မတ် ၁၈ ရက်မှ ၃၁ ရက်အထိ ၁၄ ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

မြန်မာ့အလင်း

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - စိုးစိုးနိုင် | **သတင်းထောက်မှူး** | - ခင်ရတနာ |
| **စာတည်းမှူး** | - မြင့်စိုး | **အကြီးတန်း** | - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| **စာတည်းများ** | - ဝင်းကျော်၊ ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | **သတင်းထောက်များ** | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| **ဘာသာပြန်စာတည်း** | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် | **အငယ်တန်း** | - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| **သုတေသန** | - အိအိခင်နှင့် အဖွဲ့ | **သတင်းထောက်များ** | |
| **စာပြင်** | - ဇော်မင်းသန်းနှင့် အဖွဲ့ | **ဓာတ်ပုံသတင်းထောက်** | - တင်စိုး |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | **အီးမေးနှင့် အွန်လိုင်း** | - သက်လွင်ဦးနှင့် အဖွဲ့ |

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)

**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

**❖ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ သွားရောက်ခဲ့သည့် နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့မှုကြောင့် အောင်မြင်သည့် ခရီးစဉ်ဖြစ်ခဲ့မှုအခြေအနေများ၊ ချစ်ကြည်ရေးခရီးစဉ်အတွင်း ရရှိခဲ့သည့် သဘောတူညီချက်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ဆွေးနွေးရန် ကျန်ရှိသည့်အချက်များကို ဆက်လက်ဆွေးနွေးအကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အခြေအနေများ အမြင်ချင်းဖလှယ်ဆွေးနွေး**

❒ *ရွှေဖုံးမှ*

အဆိုပါတွေ့ဆုံပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးတို့ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ သွားရောက်ခဲ့သည့် နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့မှုကြောင့် အောင်မြင်သည့် ခရီးစဉ်ဖြစ်ခဲ့မှုအခြေအနေများ၊ ချစ်ကြည်ရေးခရီးစဉ်အတွင်း ရရှိခဲ့သည့် သဘောတူညီချက်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ဆွေးနွေးရန် ကျန်ရှိသည့် အချက်များကို ဆက်လက်ဆွေးနွေး အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံ လွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လွှတ်တော်များသို့ လေ့လာရေးအဖွဲ့များ စေလွှတ်သွားမည့် အခြေအနေများ၊ ကာကွယ်ရေးပိုင်းဆိုင်ရာများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များနှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်း ဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်သွားမည့် အခြေအနေများနှင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ICRC ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Arnaud de Baecque အား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၂၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Arnaud de Baecque အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံ၌ ICRC က ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်သည် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ် အောင်မြင်ပြီးမြောက်ရန် ကျင်းပနိုင်ရေးပင်ဖြစ်

*❂ ကျောဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အာဏာရပါတီ အစိုးရအနေဖြင့် ထပ်မံ၍ နိုင်ငံတော်၏ အာဏာကို ဥပဒေနှင့်မညီဘဲ အတင်းအဓမ္မရယူရန် သိသာစွာလုပ်ဆောင်လာခဲ့သောကြောင့် ဖြစ်ပေါ်လာသည့်အခြေအနေများအရ နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာခဲ့ပြီး တပ်မတော်မှ နိုင်ငံတော်၏ အာဏာသုံးရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ ထိန်းသိမ်းခဲ့ရမှု၊ တပ်မတော်မှ စတင်တာဝန်ထမ်းဆောင်စဉ် အစောပိုင်းကာလများ၌ ဆူပူဆန္ဒပြမှုများသာ ရှိခဲ့ရာမှ နောက်ပိုင်းတွင် NCA လက်မှတ်ရေးထိုးပြီးသော အချို့သောလက်နက်ကိုင်အဖွဲ့အစည်းအချို့သည် ကျန်ပြည်တွင်းတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အချို့နှင့်ပူးပေါင်း၍ တပ်မတော်အား နှောင့်ယှက်တိုက်ခိုက်လာခြင်း၊ ပြည်ပမှ သွေးထိုးမြှောက်ပင့်မှုများကြောင့်လည်း အကြမ်းဖက်အဖွဲ့အစည်းများ ပေါ်ပေါက်လာကာ နိုင်ငံအတွင်းလုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှုမရှိစေရေး နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်လာခဲ့သည့် အခြေအနေများ၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားသည့် ပြည်တွင်းပြည်ပမှ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအနေဖြင့် နိုင်ငံတော်၏ အဓိက ကာကွယ်ရေးအင်အားစုဖြစ်သည့် တပ်မတော်ပြိုကွဲရေးနှင့် တပ်နှင့်ပြည်သူ သွေးကွဲအောင် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုံခြုံရေးနှင့် တည်ငြိမ်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများအား ဦးစွာ ရှင်းလင်းပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများ ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။

**ကျေပွန်စွာထမ်းဆောင်သွားကြရန်**

ဆက်လက် ပြောကြားရာတွင် တပ်မတော်သားများအနေဖြင့် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မျှ မပါရှိဘဲ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်လိုသည့် စိတ်ဆန္ဒများဖြင့် တပ်မတော်အတွင်းသို့ ဝင်ရောက်အမှုထမ်းခဲ့ကြသူများပီပီ နိုင်ငံတော်၏အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ပေးအပ်လာသည့် မည်သည့်တာဝန်ဝတ္တရားများကိုမဆို ကျေပွန်စွာထမ်းဆောင်သွားကြရန်နှင့် တွေ့ကြုံရသည့် အခက်အခဲများကိုလည်း ကြံ့ကြံ့ခံတွန်းလှန်သွားရန်လိုကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို စတင်ထမ်းဆောင်ချိန် ကတည်းကပင် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ ချမှတ်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်သည် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ် အောင်မြင်ပြီးမြောက်ရန် ကျင်းပနိုင်ရေးပင်ဖြစ်ပြီး လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း အပါအဝင် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံများသို့ နိုင်ငံတော်အဆင့် (Official State Visit) ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည့် ခရီးစဉ်များတွင်လည်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ၂၀၂၅ခုနှစ်၊ ဒီဇင်ဘာလ သို့မဟုတ် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ အစောဆုံးကျင်းပသွားရန် စီစဉ်ထားကြောင်းကို ကမ္ဘာသိချပြ ဆွေးနွေးခဲ့ကြောင်း။

**နယ်မြေတည်ငြိမ်အေးချမ်းရေး**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး နောက်ဆုံးအချက်ဖြစ်သည့် **“ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအားနိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်”** ကို ရည်မှန်းချက်ထားပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ မဲဆွယ်စည်းရုံးမှုများ အောင်မြင်စွာဆောင်ရွက်နိုင်ရန်နှင့် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရန်အတွက် နယ်မြေတည်ငြိမ်အေးချမ်းရေးသည် အရေးကြီးသဖြင့် မိမိတို့တပ်မတော်သားများအနေဖြင့် မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဒေသအလိုက် ဖွဲ့စည်းထားသည့် ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များက ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

ယင်းသို့လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြီးစီးပါက ရွေးချယ်ခံကိုယ်စားလှယ်များနှင့် ဖွဲ့စည်းသည့် လွှတ်တော်၊ နိုင်ငံတော်သမ္မတ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဝန်ကြီးချုပ်များ စသည်ဖြင့် အဆင့်ဆင့်သောအစိုးရ တစ်ရပ်ဖွဲ့စည်းနိုင်မည်ဖြစ်ပြီး ထွက်ပေါ်လာသည့် အစိုးရကို နိုင်ငံတော်၏ အာဏာကြီး ၃ ရပ်အား လွှဲပြောင်းပေးနိုင်မည်ဖြစ်ကြောင်း။

**အချိန်နှင့်တစ်ပြေးညီ အသိပေးတင်ပြ**

ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်နှင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန်အတွက် တပ်မတော်၌ အင်အားတောင့်တင်းရန်လိုကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် ပြဋ္ဌာန်းထားခဲ့ပြီး ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့၌ စတင်အာဏာတည်စေခဲ့ကာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းထားရှိပြီး သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံသူများကိုသာ ဥပဒေနှင့်အညီ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးကာ ခန့်အပ်တာဝန်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အချို့သော ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များအနေဖြင့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်းမရှိသည့်အတွက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရာတွင် ဥပဒေနှင့်မညီသော မလိုလားအပ်သည့် ငွေကြေးမသမာမှုများကြောင့် စုဆောင်းခံရသည့် ပြည်သူ့စစ်မှုထမ်းအချို့၌ အခက်အခဲ အကျပ်အတည်း ဖြစ်ပေါ်လာကာ အဆိုပါနိစ္စရုဝပြဿနာကိုလည်း ဖြေရှင်းနေရကြောင်း၊ ထို့ကြောင့် မိမိတို့တပ်မတော်သားများအနေဖြင့် ပြည်သူ့စစ်မှုထမ်းနှင့် ပတ်သက်၍အဆင့်ဆင့်သော ဆင့်ခေါ်ရေးအဖွဲ့များ၏ မှားယွင်းသော လုပ်ဆောင်မှုများ တွေ့ရှိပါက သက်ဆိုင်ရာသို့ အချိန်နှင့်တစ်ပြေးညီ အသိပေး တင်ပြဆောင်ရွက်ပေးကြရန်လိုကြောင်း။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် ကလောမြို့ရှိ ဆုတောင်းပြည့် နီးဘုရားအား ပန်း၊ ရေချမ်း၊ ဆီမီးများ ထွန်းညှိပူဇော်ကာ ဖူးမြော်ကြည်ညိုစဉ်။

အုပ်ချုပ်ရေးပိုင်း ဆိုင်ရာများနှင့် ပတ်သက်၍ အချို့သော ဒေသများတွင် သွားလာမှု ကန့်သတ်ချက်များရှိသည့်အတွက် အဆိုပါဒေသရှိ တပ်ရင်း/တပ်ဖွဲ့တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၏ စားရေး၊ ဝတ်ရေး၊ နေရေး၊ သွားလာရေးနှင့် ပညာရေး၊ ကျန်းမာရေးစသည့်ကဏ္ဍများ၌ အနည်းနှင့်အများဆိုသလို အခက်အခဲများ ရှိနိုင်သည့်အတွက် တာဝန်ရှိသူများအနေဖြင့် မျက်ခြည်မပြတ်ကြည့်ရှုပြီး အချိန်မီ ဖြည့်ဆည်း ပံ့ပိုးဆောင်ရွက်ပေးနိုင်ရန် လိုအပ်ကြောင်း၊ ၎င်းအပြင် သက်ဆိုင်ရာ ကွပ်ကဲအုပ်ချုပ်သည့် တပ်မှူးများအနေဖြင့်လည်း မိမိတပ်ရင်း/တပ်ဖွဲ့ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအတွက် လိုအပ်သည့် အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ ကိစ္စရပ်များကို တပ်မှူးကောင်း စိတ်ဓာတ်ဖြင့် ညီညွတ်မျှတစွာ အုပ်ချုပ်ကွပ်ကဲကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသွားကြရန်လိုကြောင်း၊ အုပ်ချုပ်မှုနှင့် သက်သာချောင်ချိမှုများ အားကောင်းပါက စိတ်ဓာတ်သည်လည်း အလိုလို အားကောင်းလာမည် ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် စစ်သည်အဆင့်အတန်းအားလုံးကို အဆင့်အလိုက် လျော်ညီသည့် ရပိုင်ခွင့်များ၊ ခံစားခွင့်များ ပေးထားပြီးဖြစ်ကြောင်း၊ ရသင့်ရထိုက်သည်များ မှန်မှန်ကန်ကန်နှင့် ပြည့်ပြည့်ဝဝရရှိအောင် ကြပ်မတ်ကွပ်ကဲခြင်းဖြင့် သက်သာချောင်ချိရေးကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း။

တပ်တွင်းစည်းလုံးညီညွတ်ရေးနှင့် ပတ်သက်၍ တပ်တွင်း/တပ်ပြင် စည်းလုံးညီညွတ်မှုသည် အရေးကြီးကြောင်း၊ နိုင်ငံကိုဖျက်ဆီးလိုသူများသည် နိုင်ငံတော်၏ အဓိကထောက်တိုင်ဖြစ်သော တပ်မတော်ကို ဖြိုခွဲရန် နည်းမျိုးစုံဖြင့် ကြိုးပမ်းလျက်ရှိသည့်အတွက် တပ်မတော်သားနှင့် မိသားစုဝင်များအနေဖြင့် တပ်တွင်းစည်းလုံးညီညွတ်ရေးကို ရေပက်မဝင်သော စည်းလုံးညီညွတ်မှုဖြင့် ခိုင်မာတောင့်တင်းအောင် ဆောင်ရွက်ကြရန်နှင့် စစ်သည်တော်ကျင့်ဝတ်အပါး ၆၀ ကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာကျင့်ကြံနေထိုင်သွားရန်လိုကြောင်း။

> ❑ **နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ မဲဆွယ်စည်းရုံးမှုများ အောင်မြင်စွာဆောင်ရွက်နိုင်ရန်နှင့် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရန်အတွက် နယ်မြေတည်ငြိမ်အေးချမ်းရေးသည် အရေးကြီးသဖြင့် မိမိတို့တပ်မတော်သားများအနေဖြင့် မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဒေသအလိုက် ဖွဲ့စည်းထားသည့် ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များက ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားရန်လိုအပ်**

**ကြံ့ခိုင်မှုကောင်းမွန်ရန် အရေးကြီး**

တပ်မတော်သားများ၏ လုပ်ငန်းသဘောသဘာဝအရ ခက်ခဲကြမ်းတမ်း၍ ပင်ပန်းဆင်းရဲသော ရည်မှန်းချက်တာဝန်များ ထမ်းဆောင်နေရသူများဖြစ်၍ အမြဲကိုယ်ခန္ဓာကျန်းမာသန်စွမ်း၍ လိုအပ်သလို စိတ်ဓာတ်ကလည်း ကြံ့ခိုင်နေရမည်ဖြစ်ကြောင်း၊ မိမိတို့ တပ်မတော်သားတစ်ဦးချင်းသည် မည်မျှပင် နိုင်ငံတော်တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ချင်သည်ဖြစ်ပါစေ ကိုယ်ခန္ဓာကျန်းမာရေးနှင့် စိတ်ဓာတ်ကြံ့ခိုင်မှု ချို့ယွင်းချက်ရှိမည်ဆိုပါက မည်သို့မျှ ပေးအပ်လာသည့် တာဝန်ဝတ္တရားများ မှန်သမျှအား အောင်မြင်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်မည်မဟုတ်သည့်အတွက် ကိုယ်စိတ်နှစ်ပါး ကျန်းမာ၊ ကြံ့ခိုင်မှုကောင်းမွန်ရန် အထူးပင်အရေးကြီးကြောင်း၊ သို့ဖြစ်၍ စနစ်တကျနေထိုင် စားသောက်သွားခြင်းနှင့် တစ်ကိုယ်ရေလေ့ကျင့်ခန်းများ၊ စုပေါင်းလေ့ကျင့်ခန်းများဖြင့် ဆောင်ရွက်ကြရန်လည်း လိုကြောင်းဖြင့် ပြောကြားပြီး အရာရှိ၊ စစ်သည်၊ ရဲမေများ၏ တစ်ဦးချင်းစီ၏ တင်ပြချက်များအပေါ် လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီး ဒေါ်သန်းသန်းနွယ်က မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်ရာ တာဝန်ရှိသူများက အသီးသီးလက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် နယ်မြေခံ တပ်ရင်း/တပ်ဖွဲ့များအတွင်း DYL ဝက်နှင့် ဥစားကြက်များ မွေးမြူထားရှိမှုများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

ထို့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ဇနီး ဒေါ်သန်းသန်းနွယ်၊ အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ကလောမြို့ရှိ ဆုတောင်းပြည့် နီးဘုရားသို့ သွားရောက်၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ထွန်းညှိပူဇော်ကာ ရွှေသင်္ကန်းများ ကပ်လှူဖူးမြော်ကြည်ညိုခဲ့ကြပြီး ကျောင်းထိုင်ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နယ်မြေခံ တပ်ရင်း/တပ်ဖွဲ့များအတွင်း ဥစားကြက်များ မွေးမြူထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။




## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့အဖြစ် ဓာတုဗေဒဘာသာရပ်နှင့် ပထဝီဝင်ဘာသာရပ်တို့ကို ဆက်လက်ဖြေဆို

**နေပြည်တော် မတ် ၂၀**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၇ ရက်တွင် စတင်ကျင်းပလျက်ရှိရာ ယနေ့တွင် စတုတ္ထနေ့အဖြစ် ဓာတုဗေဒဘာသာရပ်နှင့် ပထဝီဝင်ဘာသာရပ်တို့ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ဖြေဆိုလျက်ရှိသည်။ **(ယာပုံ)**

ဦးစွာ စာမေးပွဲဖြေဆိုခြင်း မပြုမီ ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများအား စာမေးပွဲဖြေဆိုခွင့်ကတ်များ မှန်/မမှန် စစ်ဆေးခြင်းများနှင့် လိုအပ်သည့် စစ်ဆေးမှုများကို စာမေးပွဲ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဆောင်ရွက်ကြသည်။ ယင်းသို့ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် ကျောင်းဝင်းအတွင်းနှင့် အပြင်များ၌ သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့်ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ဝင်များက စနစ်တကျ စောင့်ကြပ်ကြည့်ရှုပေးလျက်ရှိသည်။ **(အောက်ပုံ)**

ယခုနှစ်တွင် ဓာတုဗေဒဘာသာရပ်အား နိုင်ငံခြားစာစစ်ဌာန ၁၂ ခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၈၀၁ ခု စာစစ်ဌာန စုစုပေါင်း ၈၁၃ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၁၉၅၆၀၃ ဦးရှိပြီး ဓာတုဗေဒဘာသာရပ်ကို လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၈၅၆၆၄ ဦးရှိကာ ဖြေဆိုသူရာခိုင်နှုန်း ၉၄ ဒသမ ၉၂ ရာခိုင်နှုန်းရှိကြောင်းနှင့် ပထဝီဝင်ဘာသာရပ်အား နိုင်ငံခြားစာစစ်ဌာန တစ်ခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၆၇၃ ခု စာစစ်ဌာန စုစုပေါင်း ၆၇၄ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၂၅၂၄၀ ရှိပြီး ပထဝီဝင်ဘာသာရပ်ကို လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၂၈၄၆ ဦးရှိကာ ဖြေဆိုသူရာခိုင်နှုန်း ၉၀ ဒသမ ၅၂ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

ထိုသို့ကျောင်းသား ကျောင်းသူများ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုများကို ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုနှင့် ပတ်သက်၍ ကြီးကြပ်ရေးတာဝန်ထမ်းဆောင်နေသည့် ဆရာမတစ်ဦး၏ စကားသံများကို ယခုကဲ့သို့ ကြားသိရပါသည်။





“ကျွန်မက အထက(၆) စာစစ်ဌာနရဲ့ ကြီးကြပ်ရေးမှူးဖြစ်ပါတယ်။ ကျောင်းသားဦးရေ စာဖြေသူစုစုပေါင်း ၃၇၄ ဦးရှိပါတယ်။ ပျက်ကွက်က ဒီနေ့အထိဆိုရင်တော့ ၁၉ ဦးရှိပါတယ်။ အားလုံးပေါင်း ၃၅၆ ဦးဖြေဆိုပါတယ်။ ရာခိုင်နှုန်းအားဖြင့် ၉၄ ဒသမ ၉၂ ရာခိုင်နှုန်းပါ။ ကျောင်းသားတွေ အေးအေးချမ်းချမ်းနဲ့ ဖြေဆိုနေတာကို တွေ့ရှိရပါတယ်။ ထွက်လာတယ်ဆိုလို့ရှိရင်လည်း အင်္ဂလိပ်စာနေ့ကလည်း တော်တော်ဖြေနိုင်တဲ့ပုံပါပဲ။ မြန်မာစာနေ့ကလည်း ဖြေနိုင်ပါတယ်။ သင်္ချာနေ့ကလည်း ပျော်ပျော်ရွှင်ရွှင်ထွက်လာတာ တွေ့ရပါတယ်။ ကွာခြားချက်ကတော့ အရင်တုန်းကတော့ GRADE-10 ဆိုတဲ့အတွက် ကျောင်းသားရဲ့ အသက်အရွယ်ဟာ ၁၅ နှစ်၊ ၁၆နှစ် ပဲရှိပါတယ်။ အခုအခါ GRADE-12 လို့ ဖြစ်သွားတဲ့အတွက်ကြောင့်မို့လို့ ကျွန်မတို့ဟာ စာပေတွေကလည်း အဆင့်မြှင့်လိုက်တယ်။ နိုင်ငံတကာအဆင့်ပေါ့။




ပြီးလို့ရှိရင် အခြေခံပညာပြီးမြောက်ကြောင်း (CC) လည်း ပေးပါတယ်။ (CC)ပေးတဲ့ စာမေးပွဲပြီးလို့ရှိရင် အခု ဒီတက္ကသိုလ်ဝင်စာမေးပွဲပေါ့။ အဲဒီတော့ (CC) ပြီးလို့ရှိရင် သူက ဘာတွေကွာခြားလဲဆိုတဲ့အခါကျတော့ အသက်မွေးဝမ်းကျောင်းတွေကို သွားလို့ရတယ်။ ဒီတက္ကသိုလ်ဝင်တန်း အောင်လို့ရှိရင်လည်း ထပ်ပြီးတော့ တက္ကသိုလ်တွေ တက်လို့ရတယ်။ အဲဒီလိုကွာခြားပါတယ်။ စာကြိုးစားတဲ့ ကျောင်းသားတွေ အကုန်လုံးကတော့ ဖြေနိုင်တာတွေ့ရပါတယ်။ ပြောင်းလဲထားတဲ့ ပညာရေးစနစ်က အလွန်ကောင်းပါတယ်။ စာမေးပွဲဖြေဆိုနေတာလည်း အေးအေးချမ်းချမ်းပဲ ဖြေဆိုနေတာကို တွေ့ရပါတယ်။ ကျောင်းသားတွေကို ကျွန်မတို့က ပြောချင်တာကတော့ ပညာကို ဆတက်ထမ်းပိုး ကြိုးစားပြီးတော့ ပညာတတ်အောင်လုပ်ဖို့ ပြီးရင် နိုင်ငံတော်အတွက် အကျိုးရှိတဲ့ သားကောင်းသမီးမွန်တွေ ဖြစ်အောင်ကြိုးစားဖို့ ဒါလေးမှာချင်ပါတယ်”။

**သတင်းစဉ်**

# MNL-2 Promotion Amateur Club Tournament 2025 ပြိုင်ပွဲ အုပ်စု(က) ဆီမီးဖိုင်နယ်တက်ရောက်သည့်အသင်းများ ထွက်ပေါ်

**ရန်ကုန် မတ် ၂၀**

MNL-2 Promotion Amateur Club Tournament 2025 ပြိုင်ပွဲ အုပ်စု (က) စတုတ္ထနေ့ကို မတ် ၂၀ ရက်က ဆက်လက်ကျင်းပရာ Zan United နှင့် Young Boy အသင်း နိုင်ပွဲရယူပြီး နောက်ဆုံးပွဲမတိုင်မီ ဆီမီးဖိုင်နယ် တက်ရောက်သွားသည်။

နံနက်ပိုင်းကျင်းပသည့်ပွဲတွင် Asia Lion အသင်းက Happy Friendship အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ Asia Lion အသင်းသည် ယခုပွဲအနိုင်ရသော်လည်း ညနေပိုင်းကစားသည့်ပွဲများတွင် Zan United နှင့် Young Boy အသင်း အနိုင်ရခဲ့သဖြင့် နောက်တစ်ဆင့်တက်ရောက်ခွင့် ဆုံးရှုံးခဲ့သည်။ ၃၇ မိနစ်တွင် သူရဇော်က Happy Friendship အသင်းအတွက် ပယ်နယ်တီမှတစ်ဆင့် ဂိုးစတင်သွင်းယူသော်လည်း Asia Lion အသင်းအတွက် အနိုင်ဂိုးများကို အောင်မြင့်မြတ်က ၄၀၊ ၄၇၊ ၅၆ မိနစ်တွင် သုံးဂိုး၊ ၅၁ မိနစ်တွင် သိန်းဇော်၊ မိနစ် ၇၀ တွင် ချစ်ဆန်းကိုတို့က သွင်းယူခဲ့သည်။

ညနေပိုင်းကျင်းပသည့်ပွဲများတွင် Young Boy အသင်းက W United အသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ Young Boy အသင်းသည် ဂိုးပြတ်နိုင်ပွဲဖြင့် ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရခဲ့သည်။ Young Boy အသင်းအတွက် ဂိုးများကို ၂၊ ၉၊ ၇၃ မိနစ်တွင် ထက်အောင်က ဟက်ထရစ်၊ ၁၁ မိနစ်တွင် စောလင်းလက်နိုင်၊ ၃၇၊ ၇၅ မိနစ်တွင် သော်ဇင်ထွေး၊ ၄၁ မိနစ်တွင် အောင်သက်ဆန်းတို့က သွင်းယူပြီး W United အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၈၅ မိနစ်တွင် ဝေယံမင်းက သွင်းယူသည်။ အခြားပွဲတွင် Zan United အသင်းက Enjoy Brother အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ လေးမိနစ်တွင် ရှိုင်းထက်အောင်က Enjoy Brother အသင်းအတွက် ဂိုးစတင်သွင်းယူသော်လည်း Zan United အသင်းအတွက် ၆၄ မိနစ်တွင် ရန်လင်းအောင်က ပယ်နယ်တီမှတစ်ဆင့် ချေပဂိုးကို သွင်းယူပြီး ၆၅ မိနစ်တွင် မင်းခန့်ဖြိုးက အနိုင်ဂိုးသွင်းယူသည်။

လေးပွဲစီကစားအပြီးတွင် အုပ်စု (က) ၌ Young Boy အသင်းနှင့် Zan United အသင်းတို့က ရမှတ် ၁၀ မှတ်စီဖြင့် ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရသွားပြီး Asia Lion အသင်းနှင့် Enjoy Brother အသင်းတို့က ခြောက်မှတ်စီ၊ Happy Friendship အသင်းက နှစ်မှတ်ရရှိထားပြီး W United အသင်းက လေးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

အုပ်စု (ခ) စတုတ္ထနေ့ကို မတ် ၂၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး နံနက် ၈ နာရီခွဲတွင် အင်းစိန်စီးတီးအသင်းနှင့် 10/Mon အသင်း၊ ညနေ ၄ နာရီတွင် TKG Hmawbi အသင်းနှင့် YRFA အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

# နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများ၏ ဝန်ထမ်းများနှင့် မိသားစုဝင်များက ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေပြားသက်န်းတော်များ ဆက်ကပ်လှူဒါန်း



**နေပြည်တော် မတ် ၂၀**

နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ပရှိမြန်မာသံရုံး၊ မြန်မာအဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများ၏ ဝန်ထမ်းများနှင့် မိသားစုဝင်များက ရွှေတိဂုံစေတီတော်မြတ်ကြီးအား ကပ်လှူသည့် ရွှေပြားသက်န်းတော်ခြောက်ကျပ်သား နှစ်ချပ်နှင့် တစ်ကျပ်သား ၁၃ ချပ်တို့အတွက် အလှူငွေကျပ် ၆၂,၅၀၀,၀၀၀/- (ကျပ်ခြောက်ရာနှစ်ဆယ့်ငါးသိန်းတိတိ) ကို ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ယနေ့ နံနက်၈ နာရီတွင် ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်ရှိ ရေးဟောင်းတန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက အလှူတော်ငွေကျပ် ၆၂၅ သိန်းတန်ဖိုးရှိ ရွှေပြားသက်န်းတော် ၁၅ ချပ်ကို ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းရာ ဘုရားဂေါပကအဖွဲ့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ **(ယာပုံ)**

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီးနှင့် အလှူရှင်များသည် ရွှေသက်န်းခြောက်ကျပ်သား နှစ်ချပ်ကို ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ငှက်ပျောဖူး၌လည်းကောင်း၊ ရွှေသက်န်းတစ်ကျပ်သား ၁၃ ချပ်ကို အထက်ပစ္စယာ ၈ မြောက်ဘက်၌ လည်းကောင်း ကိုယ်တိုင်ကိုယ်ကျ တက်ရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း နီပေါဝန်ကြီးချုပ်ဟောင်းနှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဟောင်းတို့အား သီးခြားစီလက်ခံတွေ့ဆုံ



**နေပြည်တော် မတ် ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် "၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ" သုံးသပ်ဆွေးနွေးပွဲ တက်ရောက်ရန် ရောက်ရှိနေသည့် နီပေါဝန်ကြီးချုပ်ဟောင်း Mr. Madhav Kumar Nepal (ဝဲပုံ) နှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဟောင်း Mr. Sihasak PHUANG-KETKEOW တို့အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် "၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့်အခွင့်အလမ်းများ" သုံးသပ်ဆွေးနွေးပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး၊ ထိရောက်သည့် အကြံပြုချက်များပေးနိုင်ရေး၊ နှစ်နိုင်ငံချစ်ကြည်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းရင်းနှီးနှီးဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Fudan တက္ကသိုလ်မှ ပါမောက္ခ Mr.Zhang Wei နှင့်အဖွဲ့အား နေပြည်တော်ရှိ Horizon Lakeview resort ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲများသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# သား ငါး ထုတ်လုပ်မှုဖွံ့ဖြိုးရေးအတွက် ကဏ္ဍစုံမှ ကြိုးပမ်းလျက်ရှိ



**နေပြည်တော် မတ် ၂၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် မတ် ၁၈ ရက် နံနက်ပိုင်းတွင် အဏ္ဏဝါပတ်ဝန်းကျင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် တနင်္သာရီတိုင်းဒေသကြီး ငါးဖမ်းရေယာဉ် စောင့်ကြည့်ထိန်းချုပ်ရေးဌာနခွဲကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ကြည့်ရှုစစ်ဆေးစဉ် ငါးလုပ်ငန်းဦးစီးဌာန တာဝန်ရှိသူများက နိုင်ငံတကာလိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ Port State Measures Agreement (PSMA) နှင့် ပြည်တွင်း ပြည်ပ ငါးဖမ်းငါးသယ်ရေယာဉ်များကို စောင့်ကြည့်ထိန်းချုပ် ထောက်လှမ်းနေမှု၊ မြန်မာ့ပင်လယ်ရေပြင်အတွင်း ငါးလုပ်ငန်းများ စနစ်တကျလုပ်ကိုင်နိုင်ကြစေရန် ကြပ်မတ်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ငါးသယံဇာတပြုန်းတီးမှု မဖြစ်ပေါ်စေရေး ငါးသယံဇာတမျိုးစိတ်များ ထိန်းသိမ်းရန်၊ တရားမဝင်ငါးဖမ်းဆီးမှုများကို တည်ဆဲဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်ဆောင်ရွက်ရန်တို့ကို ဆွေးနွေးမှာကြားခဲ့သည်။

ယင်းနောက် မြိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမတွင် ခရိုင်နှင့် မြို့နယ်အဆင့် အရာထမ်း အမှုထမ်းများကို ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့်လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံအရှေ့ပိုင်းမြို့နယ်ရှိ C.K FROZEN FOODS YANGON CO., LTD. ၏ ရေချိုငါးနှင့် ပုစွန်များကို HACCP, GMP စနစ်ဖြင့် အရှေ့အလယ်ပိုင်းနိုင်ငံများနှင့် ဥရောပနိုင်ငံများသို့ တင်ပို့ရန် ဆောင်ရွက်နေမှုကို လည်းကောင်း၊ ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ SHWE MYANMAR INVESTMENT AND COMMERCIAL CO., LTD. ၏ ရေချို၊ ရေငန်ငါး ထုတ်လုပ်မှု၊ အေးခဲမှု၊ ပြည်ပသို့တင်ပို့ရန် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အလားတူ မတ် ၁၉ ရက်က ဒုတိယဝန်ကြီးသည် အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ MYANMAR SEAFOODS LIMITED က ပြည်ပနိုင်ငံများသို့ တင်ပို့မည့် ငါးခြောက်၊ ငါး၊ ပုစွန် ပြုပြင်ထုပ်ပိုးအေးခဲခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး စက်ရုံအတွင်း သန့်ရှင်းသပ်ရပ်ရေး၊ ထုတ်ကုန်များ၏ အရည်အသွေးနှင့် ဘေးကင်းမှုအပေါ် ယုံကြည်မှုရှိစေရန် နိုင်ငံတကာသတ်မှတ်စံချိန် စံညွှန်းများနှင့်အညီ လိုက်နာဆောင်ရွက်ရေးကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့သည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ရန်ကုန်-မန္တလေး အမြန်လမ်း (၂၆) မိုင်ရှိ ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်၌ ဖရီရှန်၊ ယင်လင့်စပ်မျိုး၊ အင်ဒိုဘရာဇီးစပ်မျိုးနှင့် ဘရာမင်စပ် နွားမျိုးများ မျိုးမြှင့်သားစပ်မှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဘက်စုံ စိုက်ပျိုးမွေးမြူရေးစနစ်ကို ဆောင်ရွက်ခြင်းဖြင့် ကြုံတွေ့လာနိုင်သည့် ကူးစက်ရောဂါများအတွက် ကြိုတင်ဆောင်ရွက်ရန် လုပ်ငန်းစဉ်များ၊ အစာကျွေးမွေးမှု အာဟာရပြည့်ဝစေမှု အပါအဝင် မွေးမြူမှုစနစ်များနှင့် ရောဂါထိန်းချုပ် ကာကွယ်ရေးလုပ်ငန်းဆိုင်ရာများကို တာဝန်ရှိသူများအား အကြံပြုမှာကြားကာ တိရစ္ဆာန်ဆေးဝါးများပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် မတ် ၂၀** – တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန် ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် မတ် ၂၁ ရက်၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်ပြီး ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း "၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ" သုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် နိုင်ငံတကာမှ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ လေ့လာသုံးသပ်သူများအား ညစာဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် မတ် ၂၀

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူး၍ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank) က စီစဉ်ကျင်းပသည့် "၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ" သုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော နိုင်ငံတကာမှ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ လေ့လာသုံးသပ်သူများအား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ Horizon Lakeview Resort ၌ ညစာဖြင့် တည်ခင်းဧည့်ခံသည်။



အဆိုပါ ညစာစားပွဲသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးကိုကိုလှိုင်၊ ဒေါက်တာကံဇော်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဒေါ်နုမြဖ်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တရုတ်၊ ရုရှား၊ အိန္ဒိယ၊ ဂျပန်၊ ထိုင်း၊ အီတလီ၊ နီပေါနိုင်ငံတို့မှ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ညစာစားပွဲ မစတင်မီ ပြည်ထောင်စုဝန်ကြီးများက ညစာစားပွဲသို့ တက်ရောက်လာကြသော နိုင်ငံတကာမှ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ လေ့လာသုံးသပ်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် **"ရွှေမြန်မာနိုင်ငံ (Golden Land Myanmar)"** မှတ်တမ်း Video Clip ကို ဖွင့်လှစ်ပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မိမိအနေဖြင့် အဆွေတော်တို့ကို မြန်မာနိုင်ငံ၏မြို့တော်



နေပြည်တော်၌ ယခုကဲ့သို့ ညစာစားပွဲဖြင့် ကြိုဆိုခွင့်ရသည့်အတွက် ဂုဏ်ယူပါကြောင်း၊ အဆွေတော်တို့အနေဖြင့် Keynote Speaker အနေဖြင့်ဖြစ်စေ၊ ဆွေးနွေးသူ Panelist အနေဖြင့် ဖြစ်စေ၊ လေ့လာသူ Observer အနေဖြင့် ဖြစ်စေ ယခုသုံးသပ်ဆွေးနွေးပွဲကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာပေးသည့်အတွက် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်း။

အဆွေတော်တို့သိပြီးဖြစ်သည့်အတိုင်း ယနေ့ ကမ္ဘာ့အခြေအနေ အရပ်ရပ်သည် ဗဟုဝင်ရိုးကမ္ဘာအဖြစ် ကူးပြောင်းနေပြီဖြစ်ပါကြောင်း၊ ဤကဲ့သို့ ကူးပြောင်းလာသည့်အတွက် ဘယ်လိုစိန်ခေါ်မှုများရှိလာမလဲ၊ ဘယ်လိုအခွင့်အလမ်းများရလာမလဲ၊ မိမိတို့လိုနိုင်ငံငယ်လေးများအနေဖြင့် ဗဟုဝင်ရိုးကမ္ဘာ၌ ဘယ်လိုရပ်တည်ချက်မျိုးထားရှိကြမလဲ ဆိုသည်ကို ဆွေးနွေးအဖြေရှာရန်အတွက် မိတ်ဆွေများကို ဖိတ်ခေါ်ပြီး ယခုလို သုံးသပ်ဆွေးနွေးပွဲတစ်ခုအနေဖြင့် ကျင်းပခြင်းဖြစ်ပါကြောင်း။

အဆွေတော်တို့သည် အတွေ့အကြုံရှိကြသူများ ဖြစ်သည်နှင့်အညီ ဆွေးနွေးချက်များ၊ သုံးသပ်ချက်များက မိမိတို့အတွက် တန်ဖိုးကြီးသလို တန်ဖိုးထားကြောင်းလည်းပြောကြားလိုပါကြောင်း။

ဤဆွေးနွေးပွဲ ဖြစ်မြောက်ရန်အတွက် ဝိုင်းဝန်းကူညီပေးကြသည့် အဆွေတော်တို့နှင့်တကွ သက်ဆိုင်ရာသံရုံးများ၊ အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းစီကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Fudan တက္ကသိုလ်မှ ပါမောက္ခ Mr. Zhang Wei နှင့် အိန္ဒိယနိုင်ငံ ကမ္ဘာ့ရေးရာ အိန္ဒိယကောင်စီမှ သုတေသနပညာရှင် Mr. Sripathi Narayana တို့က နှုတ်ခွန်းဆက်စကားပြောကြားကြပြီး မြန်မာ့ပုံရိပ် ဖော်ညွှန်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ညစာစားပွဲသို့ တက်ရောက်လာကြသည့် နိုင်ငံတကာမှ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ လေ့လာသုံးသပ်သူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက် လာကြသူများနှင့်အတူ ညစာကို အတူတကွ သုံးဆောင်ကြပြီး ညစာသုံးဆောင်နေစဉ်အတွင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုကပြဖျော်ဖြေ တင်ဆက်ကြသည်။

ညစာ စားပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးက ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ တေးသံရှင်များနှင့် အနုပညာရှင်များကို ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုပန်းခြင်း ပေးအပ်ခဲ့သည်။

အဆိုပါ နိုင်ငံတကာမှ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ လေ့လာ သုံးသပ်သူများသည် ယနေ့နံနက်ပိုင်းက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား သွားရောက်ဖူးမြော်ကြပြီး **(ဝဲပုံ)** ကျောက်မျက်ရတနာပြတိုက်သို့ သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

**သတင်းစဉ်**



## နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဝါးခယ်မမြို့၌ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကျင်းပ



ဝါးခယ်မ မတ် ၂၀

နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဝါးခယ်မမြို့နယ် မင်းပိုင်းရပ်ကွက် ကမ်းနားလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ တက်ရောက်ဖွင့်လှစ်ပေးသည်။

ဒေသတွင်းဖွံ့ဖြိုးတိုးတက်စေရန်နှင့် မြို့အင်္ဂါရပ်နှင့်အညီ သာယာလှပစေရန် ရည်ရွယ်ပြီး ဆောင်ရွက်ခဲ့သော ဝါးခယ်မမြို့နယ် မင်းပိုင်းရပ်ကွက် ကမ်းနားလမ်းကွန်ကရစ်လမ်းသစ်ကို ဝါးခယ်မမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၄- ၂၀၂၅ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေ ၄၇ ဒသမ ၆၅ သန်းဖြင့် စည်ပင်သာယာရေးအဖွဲ့က ကြီးကြပ်ပြီး မြတ်မင်းမိုးကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း၊ အရှည်ပေ ၄၄၀၊ အကျယ်ပေ ၃၀၊ ဒု ခြောက်လက်မရှိသော ကွန်ကရစ်လမ်းသစ်ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမိုးမင်းနိုင်နှင့် တိုင်းဒေသကြီးသယံဇာတရေးရာဝန်ကြီး ဦးအုန်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကွန်ကရစ်လမ်းသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**လွှမ်းသီဟ (မြန်/ဆက်)**

# နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ

**နေပြည်တော် မတ် ၂၀**

နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးရှိ ဆမားဒူဝါဆင်ဝါးနော်ခန်းမတို့၌ ပြုလုပ်ရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်ဇော်ထွေးနှင့်တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာရှင်သွေးအလှူရှင် ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာရှင်သွေးအလှူရှင်ပြည်သူများ၊ သွေးအလှူရှင်စုစုပေါင်း ၁၈၅ ဦးတို့အား လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သွေးပေါင်ချိန်ခြင်းနှင့် သွေးအုပ်စုခွဲခြားခြင်းများ ဆောင်ရွက်ပေးပြီး သတ်မှတ်နေရာအသီးသီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။ ထိုသို့ သွေးလှူဒါန်းနေမှုများကို ကချင်ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကာ သွေးအလှူရှင်များအတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာနယ်ပယ်(၁) အကောင်အထည်ဖော်မှု ကြီးကြပ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် မတ် ၂၀**

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာနယ်ပယ်(၁) အကောင်အထည်ဖော်မှု ကြီးကြပ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ဥပဒေရေးရာဝန်ကြီးဌာနရှိ အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။



အစည်းအဝေးသို့ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ နယ်ပယ်(၁) အကောင်အထည်ဖော်မှု ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး ကော်မတီဝင်များဖြစ်ကြသည့် ဥပဒေရေးရာဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်၊ နိုင်ငံဖြတ်ကျော်မှုခင်း ဌာနကြီး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်နှင့် ငွေကြေးဆိုင်ရာ မှုခင်းတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်က မြန်မာနိုင်ငံတွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ (၂၀၁၉-၂၀၂၃) ကုန်ဆုံးပြီးဖြစ်သဖြင့် အမျိုးသားအဆင့် မဟာဗျူဟာအသစ် (၂၀၂၄-၂၀၂၈)ကို ၂၀၂၄ အောက်တိုဘာ ၂၂ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုခဲ့ပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် ထုတ်ပြန်ခဲ့ပါကြောင်း၊ အမျိုးသားအဆင့် မဟာဗျူဟာအသစ် (၂၀၂၄-၂၀၂၈) တွင် မဟာဗျူဟာနယ်ပယ် (၅)ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး မဟာဗျူဟာနယ်ပယ်(၁)တွင် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် မဟာဗျူဟာရည်မှန်းချက် ခုနစ်ချက်နှင့် မဟာဗျူဟာအစီအစဉ် ၂၉ ချက်ရှိပါကြောင်း၊ ၂၀၂၅ ခုနှစ်တွင် ဆောင်ရွက်ရမည့် မဟာဗျူဟာအစီအစဉ် ၁၀ ချက်ရှိပြီး တက်ရောက်လာကြသော ကော်မတီအဖွဲ့ဝင်များအနေဖြင့် သတ်မှတ်ထားသည့် အချိန်ဇယားအတိုင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာနယ်ပယ်(၁) အကောင်အထည်ဖော်မှု ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး၊ ဥပဒေရေးရာဝန်ကြီးဌာန၊ ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကြည်ကြည်သန်းအောင်က ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာနယ်ပယ်(၁)နှင့် စပ်လျဉ်း၍ ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ရှင်းလင်းဆွေးနွေးပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာနယ်ပယ် (၁) နှင့် စပ်လျဉ်း၍ ဌာနအဖွဲ့အစည်းအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများနှင့် ဆက်လက် ဆောင်ရွက်ရမည့် အချက်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ရေအားလျှပ်စစ်ထုတ်ဆည်ဆိုင်ရာ ဆိုက်ဘာရေစီမံခန့်ခွဲမှုစနစ် အာဆီယံသုတေသနစီမံကိန်းဆွေးနွေးပွဲ တက်ရောက်

**နေပြည်တော် မတ် ၂၀**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်၌ Hybrid စနစ်ဖြင့် ကျင်းပသည့် အာဆီယံအိုင်ဗွီအို (ICT Virtual Organization of ASEAN Institutes and NICT- ASEAN IVO) သုတေသန စီမံကိန်းဖြစ်သည့် (Cyber to Real World Integrated Testbed for Dam Safety Management and Water Governance System) ရေအားလျှပ်စစ်ထုတ်ဆည်များဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ရေကြီးရေလျှံမှု ထိန်းချုပ်ရေးဆိုင်ရာ ဆိုက်ဘာရေစီမံခန့်ခွဲမှုစနစ် ဆွေးနွေးပွဲသို့ တက်ရောက်သည်။



**စီမံကိန်းမှ သုတေသနရလဒ်ကောင်းများ ရရှိမည်**

ဦးစွာ ဒုတိယဝန်ကြီးက ကမ္ဘာ့စွမ်းအင်အကျပ်အတည်းနှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု (Global Energy Crisis and Climate Change) တို့ကြောင့် ဆိုးကျိုးသက်ရောက်မှုများကို ကြံ့ခိုင်စွာကျော်လွှားနိုင်ရေးအတွက် ခေတ်မီဒစ်ဂျစ်တယ် ဆိုက်ဘာနည်းပညာများကို အသုံးချလာကြပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံတော်တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ ပေါကြွယ်ဝစွာ ပိုင်ဆိုင်ထားရာ ရေအားလျှပ်စစ်လည်း ပါဝင်ကြောင်း၊ ရေ-စွမ်းအင်-စားရေရိက္ခာ-ဂေဟစနစ် ချိတ်ဆက်မှု (Water – Energy – Food – Ecosystem Nexus) သည် ရေရှည်စဉ်ဆက်မပြတ် တည်တံ့မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အခရာကျလှသဖြင့် အထူးအလေးထား၍ သုတေသနပြုလေ့လာရန် လိုအပ်ကြောင်း၊ ဤစီမံကိန်းမှ သုတေသနရလဒ်ကောင်းများ ရရှိမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် စီမံကိန်းအဖွဲ့ဝင်များက လက်ရှိဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းနီးပွင့်လင်းစွာ ဆွေးနွေးခဲ့ပြီး ဆွေးနွေးပွဲသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ နိုင်ငံတကာတက္ကသိုလ်များနှင့် အဖွဲ့အစည်းများမှ သုတေသနပညာရှင်များ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

# ပြည်သူအတွက် မော်ကွန်းတိုက်ရဲ့ ခြေလှမ်းသစ်

*ဒေါက်တာဥမ္မာလင်း (မော်ကွန်းတိုက်)*

**❖ ရှေးရတုကျော်ကာလမှသည် စိန်ရတုဆီသို့ လျှောက်လှမ်းရာတွင် တစ်ချိန်က အရှေ့တောင်အာရှနိုင်ငံများရှိ မော်ကွန်းတိုက်များ အကြား ရရှိခဲ့သည့် အောင်မြင်မှုများ တစ်ဖန်ပြန်လည်ရရှိစေရန် အတွက် “ပြည်သူများအား မှတ်တမ်းနှင့် မော်ကွန်းဆိုင်ရာ အသိပညာပြန့်ပွားစေခြင်း၊ အသုံးချမှုတိုးပွားစေခြင်းဖြင့် ကောင်းမွန်သော အစိုးရအုပ်ချုပ်ရေးစနစ်ကို အကောင်အထည် ဖော် ဆောင်ရွက်ရာတွင် အထောက်အပံ့ဖြစ်စေရန်” ဆိုသည့် မျှော်မှန်းချက်ဖြင့် ဆောင်ရွက်လျက်ရှိ**

**မော်ကွန်းတိုက် စတင်တည်ထောင်**

တန်ဖိုးမဖြတ်နိုင်သည့် မြန်မာ့သမိုင်းဆိုင်ရာမှတ်တမ်းများ၊ အမျိုးသားရေးမော်ကွန်းဝင်မှတ်တမ်းများ၊ မြန်မာနိုင်ငံ အစိုးရယန္တရားတစ်ခုလုံးနှင့် သက်ဆိုင်သည့် သမိုင်းဝင်မှတ်တမ်းများ ထာဝရမပျောက်ပျက်အောင် ထိန်းသိမ်းရန်အတွက် **၁၉၇၂ ခုနှစ် မတ်လ ၁၅ ရက်နေ့**တွင် တော်လှန်ရေးကောင်စီ ကြေညာချက်အမှတ် ၉၇ အရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်တွင် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်အား စတင်တည်ထောင်ခဲ့သည်။ ထိုစဉ်ကတည်းက အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသည် မှတ်တမ်းနှင့် မော်ကွန်းများကို စနစ်တကျထိန်းသိမ်းရာ ဌာနတစ်ခုဖြစ်ပါသည်။

အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနသည် တိုင်းပြည်တစ်ပြည်၏ အရေးကြီးသော စာရွက်စာတမ်းများ၊ သမိုင်းဝင် အထောက်အထားများ၊ အစိုးရလုပ်ငန်းနှင့် သက်ဆိုင်သော အချက်အလက်များကို လုံခြုံစွာစနစ်တကျ ထိန်းသိမ်းထားသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ထိန်းသိမ်းထားသည့် အထောက်အထားများအနေဖြင့် သမိုင်းဆိုင်ရာများ၊ အစိုးရစာတမ်းများ၊ ဥပဒေရေးရာ စစ်တမ်းများ စသည်တို့ ပါဝင်ပါသည်။ ၎င်းတို့ကို အများပြည်သူများ၊ အစိုးရဌာန အဖွဲ့အစည်းများ၊ သမိုင်းပညာရှင်များ၊ ပြည်တွင်း၊ ပြည်ပမှ သုတေသနပြုသူများ၊ ဥပဒေရေးရာဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ အသုံးပြုနိုင်သည်။

**မော်ကွန်းတိုက်၏ အရေးပါမှု**

အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနတွင် ထိန်းသိမ်းထားသော အထောက်အထားများသည် တိုင်းပြည်၏ သမိုင်းနှင့် ယဉ်ကျေးမှုကို သိမြင်စေခြင်း၊ ဥပဒေပေါ်တွင် အခြေခံ၍ ရေးသားထားသည့် အထောက်အထားများကို ဖတ်ရှုနိုင်ခြင်း၊ နိုင်ငံအတွင်း တရားမျှတမှု တည်ဆောက်ရာတွင် အရေးကြီးခြင်း၊ သုတေသနလုပ်ငန်းများကို အထောက်အကူပြုပေးနိုင်ခြင်း၊ အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ရန် လိုအပ်ချက်များကို သုံးသပ်နိုင်ခြင်းနှင့် လူမှုစီးပွားတိုးတက်ရန်အတွက် တိုင်းပြည်၏ စီးပွားရေးဆိုင်ရာ အချက်အလက်များကို ပံ့ပိုးပေးနိုင်ခြင်းဖြင့် နိုင်ငံနှင့် ပြည်သူများအပေါ် များစွာအထောက်အကူပြုပါသည်။ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသည် တိုင်းပြည်၏ အနာဂတ်အတွက် အရေးကြီးပြီး မှန်ကန်သည့် သတင်းအချက်အလက်များကို ရယူ၍ ပြန်လည်မျှဝေသော နေရာတစ်နေရာဖြစ်ပါသည်။

**မော်ကွန်းတိုက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့မှုအစီအစဉ်**

အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသည် အသစ်ဖွဲ့စည်းသော ဌာနတစ်ခုဖြစ်သည့်အတွက် လိုအပ်သော နည်းပညာနှင့် ပစ္စည်းကိရိယာတို့ကို ၁၉၈၂ ခုနှစ်တွင် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးရှိ မော်ကွန်းတိုက်များ၌ ဦးဆောင်ဦးရွက်ပြုနေကြသည့် ပုဂ္ဂိုလ်များ၊ UNESCO ၏ အတိုင်ပင်ခံ (Consultants) များ၊ UNESCO မှ အကြံပေးပညာရှင်များ မြန်မာနိုင်ငံသို့ လာရောက်၍ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက် အင်အားဖြည့်တင်းရေးစီမံချက် (Strengthening of National Archives Project) ဖြင့် လုပ်ငန်းဆိုင်ရာ၊ နည်းပညာပိုင်းဆိုင်ရာများကို စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြားပို့ချပေးခဲ့သည်။ ထိုစီမံချက်ကို ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) နှင့်အတူ UNESCO မှ ညွှန်ကြားချက်များနှင့် အညီ ဆောင်ရွက်ခဲ့ပြီး အဆင့်မြင့်အရာထမ်းများအား အင်္ဂလန်၊ သြစတြေးလျ၊ ကနေဒါ၊ အိန္ဒိယနိုင်ငံ မော်ကွန်းတိုက်များသို့ သွားရောက်လေ့လာစေခြင်း၊ ကျွမ်းကျင်ဝန်ထမ်းများရရှိစေရန် ကဏ္ဍအသီးသီးတွင် အဆင့်ဆင့်ဦးဆောင်နေသည့် အရာထမ်း၊ အမှုထမ်းများစွာတို့အား ပြည်ပသို့ စေလွှတ်လေ့ကျင့်ပေးခြင်းများ ပြုလုပ်ခဲ့သည်။ ထို့ပြင် မော်ကွန်းတိုက်ဖွံ့ဖြိုးရေးအတွက် လိုအပ်သော စက်ပစ္စည်းများကိုလည်း ဖြည့်ဆည်းပေးခဲ့သည်။

၁၉၈၄ ခုနှစ်တွင် ပြည်ပ၌ မှတ်တမ်းရယူစုဆောင်းရေးဆောင်ရွက်ရန် ညွှန်ကြားရေးမှူးချုပ် အပါအဝင် အဆင့်မြင့်အရာရှိကြီးများက အင်္ဂလန်၊ ဂျပန်၊ သြစတြေးလျ၊ တရုတ် စသည့်ဖွံ့ဖြိုးပြီး နိုင်ငံများသို့ သွားရောက်၍ မှတ်တမ်းများ ရယူစုဆောင်းသိမ်းဆည်းခြင်းများကို ဆောင်ရွက်ခဲ့ပြီး ထိုနိုင်ငံများ၏ မော်ကွန်း၊ မှတ်တမ်းစီမံခန့်ခွဲခြင်းတို့ကိုပါ လေ့လာခဲ့ကြသည်။ မြန်မာနိုင်ငံသည် ၁၉၉၁ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များကောင်စီ (ICA) အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ပြီး ၁၉၉၃ ခုနှစ်တွင် အရှေ့တောင်အာရှဒေသဆိုင်ရာ မော်ကွန်းတိုက်များကောင်စီ (SARBICA) အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့သည်။

**အောင်မြင်မှုမှတ်တိုင်**

အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၏ ဂုဏ်သိက္ခာ အကြီးမားဆုံး မှတ်တိုင်တစ်ခုမှာ ၁၉၉၇ ခုနှစ်တွင် (၁၁) ကြိမ်မြောက် အရှေ့တောင်အာရှဒေသဆိုင်ရာ မော်ကွန်းတိုက်များကောင်စီ ညီလာခံကို မြန်မာနိုင်ငံ၌ အိမ်ရှင်နိုင်ငံအဖြစ် တာဝန်ယူ ကျင်းပခဲ့ခြင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် ပညာရှင်အင်အား၊ ငွေကြေးအင်အား လိုအပ်ချက်များစွာ ရှိနေခဲ့သည်။

ထိုစဉ်က တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှ စာကြည့်တိုက်မှူးကြီး ဆရာကြီး စည်သူ ဒေါက်တာ သော်ကောင်း၊ စာပေထိန်းသိမ်းရေးနှင့် အမျိုးသားကော်မရှင်ဥက္ကဋ္ဌ သမိုင်းပါမောက္ခ ဆရာကြီးဦးထွန်းအောင်ချိန်နှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ မြန်မာသမိုင်းအဖွဲ့ဝင် ဆရာကြီး စည်သူဒေါက်တာခင်မောင်ညွန့်တို့က သဘာပတိများအဖြစ်လည်းကောင်း၊ ကျန်းမာရေးကိစ္စရပ်များကို ပါမောက္ခ ဒေါက်တာညွန့်သိန်းနှင့် အဖွဲ့ကလည်းကောင်း၊ ဌာနများက ပူးပေါင်းကာ တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည့်အတွက် (၁၁)ကြိမ်မြောက် အရှေ့တောင်အာရှဒေသဆိုင်ရာ မော်ကွန်းတိုက်များ ညီလာခံသည် ဒေသတွင်းရှိ မော်ကွန်းတိုက်များကပင် ချီးကျူးရသည်အထိ ခမ်းနားထည်ဝါစွာဖြင့် အောင်မြင်မှုမှတ်တိုင်စိုက်ထူနိုင်ခဲ့သည်။

**ရယူစုဆောင်း၊ ထိန်းသိမ်း၊ ဝန်ဆောင်မှုပေး**

အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသည် ပြည်သူများ အမှားအမှန်ပိုင်းခြားဝေဖန်နိုင်သော အသိပညာတိုးတက်မြင့်မားစေမည့် မော်ကွန်း၊ မှတ်တမ်းအထောက်အထားများကို စနစ်တကျထိန်းသိမ်းထားရှိပါသည်။ မြန်မာဘုရင်ခေတ်မှစ၍ ယနေ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ခေတ်အထိ နှစ်နိုင်ငံချုပ်ဆိုသည့် သဘောတူစာချုပ်များ၊ နိုင်ငံတော်အဆင့် ညီလာခံများ၊ ဒေသန္တရစီမံကိန်းနှင့် ကဏ္ဍစီမံကိန်းများ၊ ဘဏ္ဍာငွေအရအသုံးစာရင်းများ၊ ပြန်တမ်းများ၊ နိုင်ငံတော်အကျိုးစီးပွားနှင့် သက်ဆိုင်သော အထောက်အထားများ၊ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ ဌာနများ၏ ဖွဲ့စည်းပုံများ၊ အစည်းအဝေးမှတ်တမ်းများ၊ အစီရင်ခံစာများ၊ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ၊ သုတေသနစာတမ်းများကို ထိန်းသိမ်းထားရှိပါသည်။ ၎င်းမော်ကွန်းမှတ်တမ်းအထောက်အထားများကို အစိုးရဌာနများ၊ ပြည်တွင်း၊ ပြည်ပသုတေသီများ၊ ကျောင်းသား ကျောင်းသူများနှင့်

*စာမျက်နှာ ၁၁ သို့*



အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက် နေပြည်တော်(ရုံးချုပ်)။



အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက် ရန်ကုန်(ရုံးခွဲ)။

## ဘားအံမြို့၌ ယာဉ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဆိုင်းဘုတ်စိုက်ထူ

**ဘားအံ မတ် ၂၀**

ကရင်ပြည်နယ် ဘားအံမြို့နယ်၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေး Quick Win အစီအမံ (၅)ရပ်ပါ ဆိုင်းဘုတ်စိုက်ထူခြင်းကို ယနေ့နံနက်ပိုင်းက ဘားအံမြို့ ပညာရေးဒီဂရီကောလိပ်အရှေ့ ဘားအံတက္ကသိုလ်မီးပွိုင့်လမ်းဆုံနှင့် ဘားအံမြို့အဝင် ဆင်ဖြူတော်လေးစီးအဝိုင်းနေရာတို့၌ ပြုလုပ်သည်။




အဆိုပါ Quick Win အစီအမံ (၅) ရပ်ပါ ဆိုင်းဘုတ်များကို ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများက အမွှေးနံ့သာရည်ပက်ဖျန်း၍ စိုက်ထူခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## တွံတေးမြို့နယ်၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းများ အောင်မြင်နေမှုစစ်ဆေး

**တွံတေး မတ် ၂၀**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှမ်းစုလေးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) မတည်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် တွံတေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်ဌေးနှင့် တာဝန်ရှိသူများသည် ရှမ်းစုလေးကျေးရွာတွင် စီမံကိန်းမတည် ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။



ရှမ်းစုလေးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းကို ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ အသင်းသား အသင်းသူများအား ပဉ္စမအကြိမ်မြောက် ရန်ပုံငွေကျပ် ၂၃၅ သိန်းအထိ အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးထားနိုင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာဖြင့် လည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ခိုင်**




*စာမျက်နှာ ၁၀ မှ*

အထောက်အထား ရှာဖွေလိုသူ ပြည်သူများ ရည်ညွှန်းကိုးကား အသုံးပြုနိုင်ရန်အတွက် စနစ်တကျ ထိန်းသိမ်းကာ ဝန်ဆောင်မှုပေးလျက်ရှိသည်။

အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနတွင် သမိုင်းဝင်ရန္တပိုစာချုပ်၊ ပင်လုံစာချုပ်၊ အောင်ဆန်း – အက်တလီစာချုပ်၊ နု–အက်တလီစာချုပ်နှင့် မြန်မာနိုင်ငံလွတ်လပ်ရေး ကြေညာစာတမ်း အစရှိသည့် အရေးကြီး စာချုပ်စာတမ်းများကို ထိန်းသိမ်းထားရှိပြီး မြန်မာနိုင်ငံ ပြန်တမ်းများအနေဖြင့် ၁၈၆၉ ခုနှစ်မှ ယနေ့အထိ ပြန်တမ်းများကို စနစ်တကျထိန်းသိမ်းထားရှိပါသည်။ မှတ်တမ်းများစဉ်ဆက်မပြတ် ရရှိနိုင်ရေးအတွက် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ ဆက်သွယ်ညှိနှိုင်း၍ မှတ်တမ်းများ ရယူစုဆောင်းလျက်ရှိပါသည်။ ထိန်းသိမ်းထားရှိသော မှတ်တမ်းနှင့် မော်ကွန်းများကို အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေနှင့်အညီ သုတေသီများအား အချက်အလက်ရယူနိုင်ရေး ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

**မော်ကွန်းတိုက်၏ ခြေလှမ်းသစ်**

အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန၏ အဓိကလုပ်ငန်းတစ်ရပ်မှာ အထောက်အကူပြုဝန်ဆောင်မှု (Reference Services) ပေးခြင်းပင်ဖြစ်သည်။ **'Preserve Today, Share Tomorrow'** ဆိုသည့်အတိုင်း ကိုဗစ်–၁၉ နှင့်အတူ ယှဉ်တွဲနေထိုင်ခဲ့ရစဉ်ကတည်းက ကျောင်းသား ကျောင်းသူနှင့် သုတေသီများ မော်ကွန်းတိုက်မှ အထောက်အထားများကို လေ့လာနိုင်စေရန်အတွက် Website လွှင့်တင်၍ Online မှ ဝန်ဆောင်မှုပေးရန် ဆောင်ရွက်ခဲ့သည်။ ပြည်သူများအနေဖြင့် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၏ Website ဖြစ်သည့် www.nam.gov.mm တွင် မော်ကွန်းတိုက်ပိုင် စာရင်းဝင်မော်ကွန်း၊ မှတ်တမ်း e–Resources များကို ၉–၆–၂၀၂၀ ရက်မှစတင်၍ Online အသုံးပြုရှာဖွေနိုင်သည့် ဝန်ဆောင်မှုများကို ရယူဆောင်ရွက်ခဲ့ပါသည်။ စုဆောင်းထားသော မော်ကွန်း၊ မှတ်တမ်း အချက်အလက်များကို Website Home Page ရှိ Online အသုံးပြုရှာဖွေနိုင်မည့် Discover Archives တွင် အချိန်တိုအတွင်း လျင်မြန်လွယ်ကူစွာ ရှာဖွေနိုင်မည်ဖြစ်ပါသည်။ www.nam.gov.mm Home Page ရှိ Discover Archives ၌ လွတ်လပ်ရေး မရမီခေတ် (၁၈၂၄ – ၁၉၄၈) မော်ကွန်းများကို National Archives Information System Database ဖြင့် ချိတ်ဆက်ဆောင်ရွက်ထားပြီးဖြစ်၍ စာဖတ်သူများအနေဖြင့် Archives Online တွင် ဝင်ရောက်ရှာဖွေအသုံးပြုနိုင်ပါသည်။ မော်ကွန်းမှတ်တမ်းအထောက်အထားများကို Download ရယူလိုပါက Online Register ပြုလုပ်ပြီး e–Payment စနစ်ကို အသုံးပြု၍ ဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ရန် မလိုအပ်ဘဲ Online ဖြင့် Download ရယူနိုင်မည်ဖြစ်ပါသည်။

ကိုဗစ်–၁၉ ဖြစ်ပွားခဲ့စဉ်ကတည်းက လူနေမှုပုံစံပြောင်းလဲလာသည်နှင့်အညီ လိုက်လျောညီထွေရှိစေရန် သုတေသီဝန်ဆောင်မှုလုပ်ငန်းများကိုလည်း Online မှ ရှာဖွေအသုံးပြုနိုင်ရန်အတွက် ပုံစံသစ်ဖြင့် ဆောင်ရွက်ခဲ့သည်။ ၁၉၇၂ ခုနှစ် မတ်လတွင် စတင်တည်ထောင်ခဲ့သော မော်ကွန်းတိုက်သည် ယခု ၂၀၂၅ ခုနှစ် မတ်လတွင် နှစ်ပေါင်း ၅၃ နှစ် ရှိခဲ့ပြီဖြစ်သည်။ ရွှေရတုကျော်ကာလမှသည် စိန်ရတုဆီသို့ လျှောက်လှမ်းရာတွင် တစ်ချိန်က အရှေ့တောင်အာရှနိုင်ငံများရှိ မော်ကွန်းတိုက်များအကြား ရရှိခဲ့သည့် အောင်မြင်မှုများ တစ်ဖန်ပြန်လည်ရရှိစေရန်အတွက် **"ပြည်သူများအား မှတ်တမ်းနှင့် မော်ကွန်းဆိုင်ရာ အသိပညာပြန့်ပွားစေခြင်း၊ အသုံးချမှု တိုးပွားစေခြင်းဖြင့် ကောင်းမွန်သော အစိုးရအုပ်ချုပ်ရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အပံ့ဖြစ်စေရန်"** ဆိုသည့် မျှော်မှန်းချက်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၀ ပြည့်နှစ်မှစ၍ ယနေ့အချိန်အထိ ပြည်သူ့အတွက် Online စာမျက်နှာသစ်ဖွင့်လှစ်၍ ဝန်ဆောင်မှုပေးနေသည့် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၏ ခြေလှမ်းသစ်များကို အများပြည်သူသိရှိစေရန် တင်ပြလိုက်ရပါသည်။ ။

**ကျမ်းကိုးစာရင်း**

၁။ ဒေါ်ခင်ခင်ထွန်း၊ ညွှန်ကြားရေးမှူး (ငြိမ်း) အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၏ နှုတ်ပြောသမိုင်း၊

၂။ စည်သူဒေါက်တာသော်ကောင်း စာကြည့်တိုက်မှူး၊ (ငြိမ်း) တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၏ နှုတ်ပြောသမိုင်း၊

၃။ ဒေါ်တင်ဘုန်းနွယ်စာကြည့်တိုက်မှူး၊ (ငြိမ်း) တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၏သင်တန်းပို့ချချက် (၁၃–၁၂–၂၀၁၈ မှ ၁၄– ၁၂–၂၀၁၈)

၄။ ဦးမောင်မောင်သိုက်၊ ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း) အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၏ မော်ကွန်း၊ မှတ်တမ်းစီမံခန့်ခွဲမှုသင်တန်းပို့ချချက်၊

၅။ The Role of Archives and Records Management in National Information Systems UNESCO, A RAMP Study Paris, 1983.

၆။ AG. 9/1(1) (FERD), Acc; No. 404, Year. 1986, Strengthening of National Archives Progress Report. (January to June 1986) and Internal Evaluation Report.

၇။ AG. 9/1(1) (FERD), Acc; No. 451, Year. 1988, Strengthening of National Archives, Classification of National Archives of Burma.

၈။ AG. 20/3 (အမစ), Acc; No. 32, Year. 1988–89, National Archives Annual Report 88/89 (Singapore).

၉။ AG. 20/3 (အမစ), Acc; No. 59, Year. 1988–89, Department of National Archives Myanmar (December).

၁၀။ Project BUR/ 78/ 005, STRENGHTENING OF NATIONAL ARCHIVES OF BURMA, Report of Mission, 3 – 27 February 1983 by Bernard Wellbrenner.

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့တွင် ဓာတုဗေဒဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၈၅၆၆၄ ဦးနှင့် ပထဝီဝင်ဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၂၈၄၆ ဦးရှိ

နေပြည်တော် မတ် ၂၀

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ နိုင်ငံခြားစာစစ်ဌာနအပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဓာတုဗေဒဘာသာရပ်လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၈၅၆၆၄ ဦးနှင့် ပထဝီဝင်ဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၂၈၄၆ ဦးရှိကြောင်း သိရသည်။

ယခုနှစ်တွင် ဓာတုဗေဒဘာသာရပ်၌ နိုင်ငံခြားစာစစ်ဌာန ၁၂ ခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၈၀၁ ခု စာစစ်ဌာန စုစုပေါင်း ၈၁၃ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ ဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေစုစုပေါင်း ၁၉၅၆၀၃ ဦးရှိပြီး လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၈၅၆၆၄ ဦး၊ ပျက်ကွက် ၉၉၃၉ ဦးရှိသဖြင့် ဖြေဆိုသူရာခိုင်နှုန်းသည် ၉၄ ဒသမ ၉၂ ရာခိုင်နှုန်း၊ ပထဝီဝင်ဘာသာရပ်၌ နိုင်ငံခြားစာစစ်ဌာန ၁ ခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၆၇၃ ခု စာစစ်ဌာန စုစုပေါင်း ၆၇၄ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ ဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၂၅၂၄၀ ရှိပြီး လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၂၈၄၆ ဦး၊ ပျက်ကွက် ၂၃၉၄ ဦးရှိသဖြင့် ဖြေဆိုသူရာခိုင်နှုန်းသည် ၉၀ ဒသမ ၅၂ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ် စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ်- ဓာတုဗေဒ

နေ့စွဲ - ၂၀-၃-၂၀၂၅

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ခရိုင် | မြို့နယ် | စာစစ်ဌာန | စာရင်းရှိဦးရေ | | | ဖြေဆိုဦးရေ | | | ပျက်ကွက်ဦးရေ | | | ဖြေဆို ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၂ | ၂၂ | ၃၂၂၃ | ၅၀၆၆ | ၈၂၈၉ | ၂၇၅၁ | ၄၄၄၄ | ၇၁၉၅ | ၄၇၂ | ၆၂၂ | ၁၀၉၄ | ၈၆.၈၀% | ၁၃.၂၀% | |
| ၂ | ကယား | ၁ | ၁ | ၁ | ၂၅ | ၇၀ | ၉၅ | ၂၃ | ၆၇ | ၉၀ | ၂ | ၃ | ၅ | ၉၄.၇၄% | ၅.၂၆% | |
| ၃ | ကရင် | ၆ | ၇ | ၁၂ | ၁၀၉၈ | ၂၂၁၉ | ၃၃၁၇ | ၁၀၀၄ | ၂၁၃၃ | ၃၁၃၇ | ၉၄ | ၈၆ | ၁၈၀ | ၉၄.၅၇% | ၅.၄၃% | |
| ၄ | ချင်း | ၂ | ၂ | ၂ | ၁၅၄ | ၂၅၁ | ၄၀၅ | ၁၂၁ | ၂၀၁ | ၃၂၂ | ၃၃ | ၅၀ | ၈၃ | ၇၉.၅၁% | ၂၀.၄၉% | |
| ၅ | စစ်ကိုင်း | ၁၃ | ၂၁ | ၃၅ | ၃၁၈၃ | ၄၆၀၁ | ၇၇၈၄ | ၂၉၇၆ | ၄၄၈၄ | ၇၄၆၀ | ၂၀၇ | ၁၁၇ | ၃၂၄ | ၉၅.၈၄% | ၄.၁၆% | |
| ၆ | တနင်္သာရီ | ၄ | ၉ | ၁၆ | ၁၆၃၁ | ၂၉၂၀ | ၄၅၅၁ | ၁၅၃၅ | ၂၈၁၇ | ၄၃၅၂ | ၉၆ | ၁၀၃ | ၁၉၉ | ၉၅.၆၃% | ၄.၃၇% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၃၇ | ၄၉၇၂ | ၇၄၂၆ | ၁၂၃၉၈ | ၄၆၅၃ | ၇၁၈၇ | ၁၁၈၄၀ | ၃၁၉ | ၂၃၉ | ၅၅၈ | ၉၅.၅၀% | ၄.၅၀% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၄၅ | ၄၀၁၆ | ၅၂၈၅ | ၉၃၀၁ | ၃၇၇၀ | ၅၁၁၉ | ၈၈၈၉ | ၂၄၆ | ၁၆၆ | ၄၁၂ | ၉၅.၅၇% | ၄.၄၃% | |
| ၉ | မကွေး | ၇ | ၂၂ | ၄၉ | ၇၁၈၉ | ၁၀၀၂၉ | ၁၇၂၁၈ | ၆၇၇၄ | ၉၇၆၈ | ၁၆၅၄၂ | ၄၁၅ | ၂၆၁ | ၆၇၆ | ၉၆.၀၇% | ၃.၉၃% | |
| ၁၀ | မန္တလေး | ၁၀ | ၂၅ | ၈၉ | ၁၄၈၇၁ | ၁၉၄၂၃ | ၃၄၂၉၄ | ၁၄၁၃၈ | ၁၉၀၁၉ | ၃၃၁၅၇ | ၇၃၃ | ၄၀၄ | ၁၁၃၇ | ၉၆.၆၈% | ၃.၃၂% | |
| ၁၁ | မွန် | ၄ | ၁၀ | ၂၃ | ၃၀၀၉ | ၅၈၆၈ | ၈၈၇၇ | ၂၈၇၀ | ၅၆၇၃ | ၈၅၄၃ | ၁၃၉ | ၁၉၅ | ၃၃၄ | ၉၆.၂၄% | ၃.၇၆% | |
| ၁၂ | ရခိုင် | ၃ | ၃ | ၇ | ၁၁၈၁ | ၁၅၂၂ | ၂၇၀၃ | ၆၂၆ | ၆၈၆ | ၁၃၁၂ | ၅၅၅ | ၈၃၆ | ၁၃၉၁ | ၄၈.၅၄% | ၅၁.၄၆% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၅ | ၉၀ | ၁၇၀၁၄ | ၂၀၇၇၂ | ၃၇၇၈၆ | ၁၅၉၇၆ | ၂၀၀၀၇ | ၃၅၉၈၃ | ၁၀၃၈ | ၇၆၅ | ၁၈၀၃ | ၉၅.၂၃% | ၄.၇၇% | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၂၀ | ၆၆ | ၄၅၃၄ | ၇၅၇၃ | ၁၂၁၀၇ | ၄၃၅၀ | ၇၄၀၈ | ၁၁၇၅၈ | ၁၈၄ | ၁၆၅ | ၃၄၉ | ၉၇.၁၂% | ၂.၈၈% | |
| ၁၅ | ရှမ်း(မြောက်) | ၂ | ၃ | ၄ | ၂၆၆ | ၄၀၉ | ၆၇၅ | ၂၄၈ | ၃၉၈ | ၆၄၆ | ၁၈ | ၁၁ | ၂၉ | ၉၅.၇၀% | ၄.၃၀% | |
| ၁၆ | ရှမ်း(ရှေ့) | ၆ | ၉ | ၁၂ | ၆၃၅ | ၁၀၁၉ | ၁၆၅၄ | ၆၁၅ | ၁၀၀၀ | ၁၆၁၅ | ၂၀ | ၁၉ | ၃၉ | ၉၇.၆၄% | ၂.၃၆% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၂၄၄ | ၉၃၂၈ | ၁၂၈၆၄ | ၂၂၁၉၂ | ၈၇၅၅ | ၁၂၄၂၅ | ၂၁၁၈၀ | ၅၇၃ | ၄၃၉ | ၁၀၁၂ | ၉၅.၄၄% | ၄.၅၆% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၄၇ | ၅၁၈၉ | ၆၇၄၉ | ၁၁၉၃၈ | ၄၉၇၇ | ၆၆၄၇ | ၁၁၆၂၄ | ၂၁၂ | ၁၀၂ | ၃၁၄ | ၉၇.၃၇% | ၂.၆၃% | |
| ၁၉ | နိုင်ငံခြား | | | ၁၂ | ၁၁ | ၈ | ၁၉ | ၁၁ | ၈ | ၁၉ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၁၀၄ | ၂၅၁ | ၈၁၃ | ၈၁၅၂၉ | ၁၁၄၀၇၄ | ၁၉၅၆၀၃ | ၇၆၁၇၃ | ၁၀၉၄၉၁ | ၁၈၅၆၆၄ | ၅၃၅၆ | ၄၅၈၃ | ၉၉၃၉ | ၉၄.၉၂% | ၅.၀၈% | |

## မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ် စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ်- ပထဝီဝင်

နေ့စွဲ - ၂၀-၃-၂၀၂၅

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ခရိုင် | မြို့နယ် | စာစစ်ဌာန | စာရင်းရှိဦးရေ | | | ဖြေဆိုဦးရေ | | | ပျက်ကွက်ဦးရေ | | | ဖြေဆို ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၂ | ၂၂ | ၆၇၂ | ၁၀၁၂ | ၁၆၈၄ | ၅၈၅ | ၉၁၈ | ၁၅၀၃ | ၈၇ | ၉၄ | ၁၈၁ | ၈၉.၂၅% | ၁၀.၇၅% | |
| ၂ | ကယား | ၁ | ၁ | ၁ | ၁၉ | ၂၇ | ၄၆ | ၁၉ | ၂၃ | ၄၂ | ၀ | ၄ | ၄ | ၉၁.၃၀% | ၈.၇၀% | |
| ၃ | ကရင် | ၆ | ၆ | ၁၁ | ၇၈ | ၁၄၉ | ၂၂၇ | ၇၂ | ၁၃၈ | ၂၁၀ | ၆ | ၁၁ | ၁၇ | ၉၂.၅၁% | ၇.၄၉% | |
| ၄ | ချင်း | ၂ | ၂ | ၂ | ၅၄ | ၉၇ | ၁၅၁ | ၂၇ | ၅၉ | ၈၆ | ၂၇ | ၃၈ | ၆၅ | ၅၆.၉၅% | ၄၃.၀၅% | |
| ၅ | စစ်ကိုင်း | ၁၃ | ၂၁ | ၃၄ | ၉၄၈ | ၁၅၇၃ | ၂၅၂၁ | ၈၆၇ | ၁၅၃၆ | ၂၄၀၃ | ၈၁ | ၃၇ | ၁၁၈ | ၉၅.၃၂% | ၄.၆၈% | |
| ၆ | တနင်္သာရီ | ၃ | ၆ | ၁၂ | ၉၇ | ၁၀၉ | ၂၀၆ | ၈၆ | ၁၀၃ | ၁၈၉ | ၁၁ | ၆ | ၁၇ | ၉၁.၇၅% | ၈.၂၅% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၂၁ | ၂၂၃ | ၃၆၄ | ၅၈၇ | ၂၀၇ | ၃၃၈ | ၅၄၅ | ၁၆ | ၂၆ | ၄၂ | ၉၂.၈၄% | ၇.၁၆% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၃၂ | ၃၈၆ | ၄၈၅ | ၈၇၁ | ၃၃၁ | ၄၄၉ | ၇၈၀ | ၅၅ | ၃၆ | ၉၁ | ၈၉.၅၅% | ၁၀.၄၅% | |
| ၉ | မကွေး | ၇ | ၂၂ | ၄၄ | ၆၇၂ | ၇၁၀ | ၁၃၈၂ | ၆၁၃ | ၆၈၀ | ၁၂၉၃ | ၅၉ | ၃၀ | ၈၉ | ၉၃.၅၆% | ၆.၄၄% | |

စာမျက်နှာ ၁၃ သို့

# ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင် မော်လမြိုင်မြို့ရှိ တက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာနများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှု လိုက်လံကြည့်ရှုအားပေး

**နေပြည်တော် မတ် ၂၀**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်သည် မွန်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောကြည်နိုင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ရွှေနတ်တောင် အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၁၁) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၁၂)အခြေခံပညာအထက်တန်းကျောင်းရှိ စာစစ်ဌာနများသို့ သွားရောက်၍ စာမေးပွဲဆိုင်ရာလုပ်ငန်း ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲစတုတ္ထနေ့ ဓာတုဗေဒ ဘာသာရပ်နှင့် ပထဝီဝင်ဘာသာရပ်ကို ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှုကို လိုက်လံကြည့်ရှုအားပေးပြီး ဒုတိယဝန်ကြီးက စာမေးပွဲကြီးကြပ်ရေးမှူး၊ လက်ထောက်ကြီးကြပ်ရေးမှူးများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများအား ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးကြရန်၊ စာမေးပွဲ စည်းမျဉ်း စည်းကမ်းများနှင့်အညီ အောင်မြင်စွာ ကျင်းပနိုင်ရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် မော်လမြိုင်မြို့နယ် အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မော်လမြိုင်တက္ကသိုလ်နှင့် မော်လမြိုင်ပညာရေးဒီဂရီကောလိပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ အဆောက်အအုံ တည်ဆောက်နေမှုများ အရည်အသွေးကောင်းမွန်စွာဖြင့် သတ်မှတ်ချိန်အတွင်း ပြီးမြောက်ရေး၊ သင်ကြားရေးနှင့် စီမံရေးရာကိစ္စရပ်များ အရည်အသွေးကောင်းမွန်အောင်ဆောင်ရွက်ရေးတို့ကို မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ကျောင်းပြင်ပညာရေးကဏ္ဍ၊ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း၏ နောက်ဆက်တွဲလုပ်ငန်းဖြစ်သည့် စဉ်ဆက်ပညာရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် မော်လမြိုင် အထက(၂) လှိုင်စာသင်ဝိုင်း၊ အမက(၆) ဇေယျာသီရိစာသင်ဝိုင်းများသို့ သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မန်းရွှေစက်တော် ဘုရားပွဲတော်၌ အငြိမ့်တေးဂီတများဖြင့် ဒုတိယညဖျော်ဖြေတင်ဆက် ဘုရားဖူးလာပြည်သူများ အေးချမ်းပျော်ရွှင်စွာ လာရောက်ကြည့်ရှုအားပေး

**မင်းဘူး မတ် ၂၀**

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားကြီးတွင် ပွဲတော်ကာလအတွင်း နိုင်ငံကျော်အနုပညာရှင်များက အငြိမ့်သဘင်၊ တေးဂီတဖျော်ဖြေပွဲများဖြင့် မတ် ၁၈ ရက်နှင့် ၁၉ ရက် ညများတွင် နှစ်ညတိုင်တိုင် ဖျော်ဖြေတင်ဆက်ခဲ့ရာ ဘုရားဖူးလာ ပြည်သူများနှင့် ဒေသခံပြည်သူများက အေးချမ်းပျော်ရွှင်စွာ လာရောက်ကြည့်ရှုအားပေးခဲ့သည်။



ထိုသို့ ဖျော်ဖြေတင်ဆက်ရာတွင် မန်းရွှေစက်တော်ဘုရားသောင်ပြင် အထူးတံတားမုခ်ဦးအနီးရှိ စတိတ်စင်မြင့်၌ မတ် ၁၈ ရက်နှင့် ၁၉ ရက်ညများတွင် ည ၈ နာရီမှစတင်ပြီး ဘုရားဖူး၊ အပန်းဖြေ လာရောက်ကြသူများနှင့် ဒေသခံများအား “မင်းထွေး” ဇာတ်ပွဲသဘင်အဖွဲ့မှ ဦးဆောင်ပြီး အငြိမ့်ဇာတ်မင်းသား / မင်းသမီးများ၊ တေးသံရှင်များနှင့် နိုင်ငံကျော်အနုပညာရှင်များက ရွှေခိုင်ဖော် မင်္ဂလာဆိုင်းဖြင့် တွဲဖက်၍ နှစ်ညတာ မြိုင်မြိုင်ဆိုင်ဆိုင် ညွှတ်ခံ ဖျော်ဖြေတင်ဆက်ခဲ့ရာ ဖျော်ဖြေပွဲဒုတိယညတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး၊ အပန်းဖြေ လာရောက်ကြသူများနှင့် ဒေသခံပြည်သူ တစ်သောင်းကျော်က တစ်ခဲနက် အေးချမ်းပျော်ရွှင်စွာ လာရောက်ကြည့်ရှု အားပေးသည်။

ယခုနှစ် မန်းရွှေစက်တော်ဘုရားပွဲတော်ကြီးကို ဖေဖော်ဝါရီ ၂ ရက်မှ ဧပြီ ၁၇ ရက်အထိ မဟာသင်္ကြန်ရုံးပိတ်ရက် အပါအဝင် **(တပို့တွဲလဆန်း ၅ ရက်နေ့မှ မြန်မာနှစ်ဆန်း ၁ ရက်နေ့အထိ)** ရက်ပေါင်း ၇၅ ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်လျက်ရှိပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး ခရီးသွားလာရောက် အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**



## အင်းစိန်မြို့နယ်၌ အလုပ်သမားများ၏ ဥပဒေပါရပိုင်ခွင့်များဆိုင်ရာ အသိပညာပေးဆွေးနွေး

**ရန်ကုန် မတ် ၂၀**

အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေး ဦးစီးဌာန အင်းစိန်ခရိုင်ရုံးမှ သင်ထောက်ကူမော်တော်ယာဉ်ဖြင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာကိစ္စရပ်များနှင့် အလုပ်သမားများ၏ ဥပဒေပါရပိုင်ခွင့်များဆိုင်ရာ အသိပညာပေးဆွေးနွေးခြင်းကို အင်းစိန်မြို့နယ်ရှိ ရွှေပြည်သာစက်မှုဇုန်(၄)မှ Sky Legend အထည်ချုပ်စက်ရုံနှင့် ရွှေပြည်သာစက်မှုဇုန်(၃)မှ Peach Garden အထည်ချုပ်စက်ရုံ၊ Myantex Co.,Ltd. အထည်ချုပ်စက်ရုံ၊ CHI MEI INTERNATIONAL Co.,Ltd. အထည်ချုပ်စက်ရုံတို့၌ ယနေ့ဆောင်ရွက်သည်။

အသိပညာပေးဆွေးနွေးရာတွင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းခမ်းထွန်းမေဦးနှင့် ဦးစီးအရာရှိ ဒေါ်သိမ့်သိမ့်စိုး (ဥပဒေစစ်ဆေးရေး)တို့က အလုပ်သမားများ၏ ဥပဒေပါ ရပိုင်ခွင့်များဖြစ်သည့် အလုပ်ချိန်၊ နားချိန်၊ နားရက်၊ အချိန်ပိုကိစ္စရပ်များ၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်ဆိုင်ရာကိစ္စရပ်များ၊ လုပ်ခလစာနှင့်ပတ်သက်သည့် ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ဇင်မင်းထိုက်**

*✻ ကျောဖုံးမှ*

ထိုးသတ်ထားရာ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထားပြီး ဝမ်တာဝီမှာမူ ONE နှင့် ယခုနှစ်မှ စတင်လက်တွဲပြီး တစ်ပွဲထိုးသတ်ထားရာ အနိုင်ရထားသည်။ အဲမ္ဗီသည် ယခုနှစ်အတွင်း ဒုတိယမြောက် ထိုးသတ်ရခြင်းဖြစ်ပြီး သုံးပွဲထိုးသတ်ရာတွင် နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထားသည်။ အသက် ၁၈ နှစ်သာ ရှိသေးသည့် ဂေါ်ဒွန်သည် ONE နှင့် ပထမဆုံးပွဲထိုးသတ်ခြင်းဖြစ်သည်။

ယနေ့ကျင်းပမည့် ONE Friday Fights 101 ပြိုင်ပွဲတွင် တွဲဆိုင်းစုစုပေါင်း ၁၂ ပွဲ ပါဝင်မည်ဖြစ်သည်။

**ညီမြတ်သော်တာ**

**ဓာတ်ပုံ-ONE Championship**

*စာမျက်နှာ ၁၂ မှ*

| | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁၀ | မန္တလေး | ၁၀ | ၂၃ | ၆၂ | ၆၀၂ | ၆၀၄ | ၁၂၀၆ | ၅၃၁ | ၅၆၂ | ၁၀၉၃ | ၇၁ | ၄၂ | ၁၁၃ | ၉၀.၆၃% | ၉.၃၇% | |
| ၁၁ | မွန် | ၄ | ၁၀ | ၁၈ | ၁၅၇ | ၃၁၆ | ၄၇၃ | ၁၁၄ | ၂၉၃ | ၄၂၇ | ၂၃ | ၂၃ | ၄၆ | ၉၀.၂၇% | ၉.၇၃% | |
| ၁၂ | ရခိုင် | ၃ | ၃ | ၅ | ၂၁၆ | ၃၂၅ | ၅၆၁ | ၁၁၃ | ၁၃၆ | ၂၄၉ | ၁၂၃ | ၁၈၉ | ၃၁၂ | ၄၄.၃၉% | ၅၅.၆၁% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၄ | ၈၀ | ၇၈၄ | ၆၉၃ | ၁၄၇၇ | ၇၀၁ | ၆၃၀ | ၁၃၃၁ | ၈၃ | ၆၃ | ၁၄၆ | ၉၀.၁၂% | ၉.၈၈% | |
| ၁၄ | ရှမ်း(တောင်) | ၇ | ၁၃ | ၄၀ | ၃၀၈ | ၃၆၃ | ၆၇၁ | ၂၈၈ | ၃၅၀ | ၆၃၈ | ၂၀ | ၁၃ | ၃၃ | ၉၅.၀၈% | ၄.၉၂% | |
| ၁၅ | ရှမ်း(မြောက်) | ၂ | ၂ | ၂ | ၇ | ၇ | ၁၄ | ၆ | ၆ | ၁၂ | ၁ | ၁ | ၂ | ၈၅.၇၁% | ၁၄.၂၉% | |
| ၁၆ | ရှမ်း(ရှေ့) | ၅ | ၇ | ၈ | ၄၃ | ၄၈ | ၉၁ | ၃၆ | ၄၄ | ၈၀ | ၇ | ၄ | ၁၁ | ၈၇.၉၁% | ၁၂.၀၉% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၂၄၃ | ၅၅၄၈ | ၆၅၃၅ | ၁၂၀၈၃ | ၄၉၀၀ | ၆၁၅၄ | ၁၁၀၅၄ | ၆၄၈ | ၃၈၁ | ၁၀၂၉ | ၉၁.၄၈% | ၈.၅၂% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၃၆ | ၅၄၁ | ၄၄၇ | ၉၈၈ | ၄၉၂ | ၄၁၈ | ၉၁၀ | ၄၉ | ၂၉ | ၇၈ | ၉၂.၁၁% | ၇.၈၉% | |
| ၁၉ | နိုင်ငံခြား | | | ၁ | ၀ | ၁ | ၁ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| စုစုပေါင်း | | ၁၀၁ | ၂၃၄ | ၆၇၄ | ၁၁၃၇၅ | ၁၃၈၆၅ | ၂၅၂၄၀ | ၁၀၀၀၈ | ၁၂၈၃၈ | ၂၂၈၄၆ | ၁၃၆၇ | ၁၀၂၇ | ၂၃၉၄ | ၉၀.၅၂% | ၉.၄၈% | |

## အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်၌ တောမီးကြောင့် သစ်တောဧက ၁၃၀၀၀ မီးလောင်



**ဟူစတန် မတ် ၂၀**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ဆန်ဂျာဆင်တိုဒေသ၌ မတ် ၁၉ ရက် ညနေပိုင်းအထိ တောမီးကြောင့် သစ်တောဧက ၁၃၀၀၀ မီးလောင်ခဲ့ပြီးဖြစ်သည်ဟု အာဏာပိုင်များက မတ် ၁၉ ညပိုင်းတွင် ပြောသည်။

မတ် ၁၉ ရက် ည စနာရီ ၁၆ မိနစ်တွင် တောမီး ၁၀ ရာခိုင်နှုန်းကို ထိန်းချုပ်နိုင်ပြီဟု အေဘီစီသတင်းတွင် ဖော်ပြထားသည်။ အဆောက်အအုံအချို့ ပျက်စီးမှုရှိပြီး ၁၅ ဦးခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

မီးသတ်သမားများသည် ဆမ်ဟူစတန် အမျိုးသားသစ်တောပေါ်သို့ ရဟတ်ယာဉ်များဖြင့် ရေများလောင်းချကာ မီးတားပြုလုပ်နေသည်ဟု တက္ကဆက်ပြည်နယ်ရှိ သစ်တောများကို စီမံခန့်ခွဲနေသော အေဂျင်စီဖြစ်သည့် တက္ကဆက် အေအန်အမ် သစ်တောဌာနက ပြောသည်။

ဆမ်ဟူစတန် အမျိုးသားသစ်တောသည် တက္ကဆက်ပြည်နယ်၏ အကြီးဆုံးမြို့ဖြစ်သည့် ဟူစတန်မြို့နှင့် တစ်နာရီအကြာ ကားမောင်းရသည့်အကွာအဝေးတွင်ရှိသည်။ အမျိုးသားမိုးလေဝသဌာနသည် မတ် ၁၉ ရက် နံနက်ပိုင်းက ဟူစတန်မြို့အနောက်ဘက်ရှိ ခရိုင်များအတွက် အနီရောင်အဆင့် သတိပေးချက်ထုတ်ပြန်ခဲ့ပြီး တောမီးအန္တရာယ်ကို သတိပေးခဲ့သည်။ **ဆင်ဟွာ**

## မွန်ဂိုလီးယားနိုင်ငံ၌ ရေကြီးမှုသတိပေးချက်ထုတ်ပြန်

**အူလန်ဘာတာ မတ် ၂၀**

မွန်ဂိုလီးယားနိုင်ငံ အမျိုးသား မိုးလေဝသနှင့်သဘာဝပတ်ဝန်းကျင်စောင့်ကြည့်ရေးအေဂျင်စီက နွေဦးရာသီရေကြီးမှု သတိပေးချက်တစ်ရပ်ကို မတ် ၂၀ ရက်တွင် ထုတ်ပြန်ထားသည်။ မွန်ဂိုလီးယားနိုင်ငံ၏ ဒေသအများစုတွင် အပူချိန်မြင့်တက်လာမှုကြောင့် မတ် ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် နှင်းဖုံးလွှမ်းမှုများမှာ ပြင်းထန်စွာအရည်ပျော်မည်ဖြစ်ပြီး ရုတ်တရက်ရေကြီးမှုအန္တရာယ်တိုးလာကြောင်း အဆိုပါအေဂျင်စီက ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ကြောင့် မွန်ဂိုလီးယား အမျိုးသားအရေးပေါ် စီမံခန့်ခွဲမှုအေဂျင်စီက အူလန်ဘာတာနှင့် ပြည်နယ် ၂၁ ခုတို့ရှိ ဒေသခံများနှင့် မြစ်၊ ချောင်းများနှင့် ရေကန်တစ်လျှောက်နေထိုင်သူများကို ဖြစ်လာနိုင်ခြေရှိသည့် ဘေးအန္တရာယ်များကို အထူးသတိပြုရန် သတိပေးထားသည်။ **ဆင်ဟွာ**

## အီရတ်အလယ်ပိုင်း၌ အိုင်အက်စ်စစ်သွေးကြွ နှစ်ဦးသေဆုံး

**ဘဂ္ဂဒက် မတ် ၂၀**

ဆာလာဟက်ဒင်ပြည်နယ်အလယ်ပိုင်း၌ မတ် ၁၉ ရက်က အီရတ်တပ်ဖွဲ့များနှင့် တိုက်ပွဲအတွင်း အိုင်အက်စ်နှစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိကြောင်း အီရတ်တပ်မတော်က ပြောကြားသည်။

အဆိုပါပြည်နယ်၏ အရှေ့မြောက်ပိုင်း ကြမ်းတမ်းသည့်မြေမျက်နှာပြင်ရှိ ဘယ်ခါနာဒေသ၌ အီရတ်တပ်ဖွဲ့က အိုင်အက်စ်စစ်သွေးကြွလေးဦးကို ချုံခိုတိုက်ခိုက်ခဲ့ကြောင်း အီရတ်ပူးတွဲစစ်ဆင်ရေးကွပ်ကဲမှု၏ လုံခြုံရေးမီဒီယာဆဲလ်က မတ် ၁၉ ရက်နှောင်းပိုင်းက ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သေဆုံးသူနှစ်ဦးအနက် တစ်ဦးမှာ ဖောက်ခွဲရေးခါးပတ်တစ်ခုဝတ်ဆင်ထားသည့် အသေခံဗုံးခွဲသမားတစ်ဦးဖြစ်ပြီး ဒဏ်ရာရရှိသူနှစ်ဦးမှာ ထွက်ပြေးသွားခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ပါရှိသည်။

အီရတ်က ၂၀၁၇ ခုနှစ်အတွင်း အိုင်အက်စ်တို့ကို အနိုင်ရရှိခဲ့ကြောင်း ကြေညာခဲ့သော်လည်း အိုင်အက်စ်အဖွဲ့၏ လက်ကျန်များက လုံခြုံရေးတပ်ဖွဲ့များ၊ မြို့ပြ၊ ကန္တာရနှင့် ဝေးလံခေါင်သီသောဒေသများရှိ အရပ်သားများကို တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## အာဖဂန်နိုင်ငံ၌ ဆဋ္ဌမတန်းအထက် မိန်းကလေးကျောင်းသူများ မပါဝင်သည့် ပညာသင်နှစ်သစ်စတင်



**ကဘူးလ် မတ် ၂၀**

အာဖဂန် ကြားဖြတ်အစိုးရ၏ ပညာရေးဝန်ကြီးဌာနသည် ဆဋ္ဌမတန်းနှင့် အထက်ကျောင်းသူမိန်းကလေးများ မပါဝင်ဘဲ သန်းနှင့်ချီသည့် အာဖဂန်ကျောင်းသား ကျောင်းသူများ ပညာသင်နှစ်သစ်ကို မတ် ၂၀ ရက်တွင် စတင်ခဲ့ကြောင်း သိရသည်။

မိမိတို့နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ယှဉ်ပြိုင်မှုများတွင် ထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် အာဖဂန်လူ့အဖွဲ့အစည်းသည် ဘာသာရေးနှင့် ခေတ်သစ်ပညာရေး နှစ်ခုလုံးကို အရေးတကြီး လိုအပ်လျက်ရှိကြောင်း ခေတ္တပညာရေးဝန်ကြီး မော်လဝီဟက်ဘီဘူလာ့ အာဂါက စာသင်နှစ်သစ်ဖွင့်ပွဲ အခမ်းအနားတွင် ပြောကြားသည်။

ပထမတန်းမှ ၁၂ တန်းအထိ ယောကျ်ားလေးများနှင့် ပထမတန်းမှ ဆဋ္ဌမတန်းအထိ မိန်းကလေးများက ၎င်းတို့၏ အတန်းများကို စတင်တက်ရောက်ရမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်အတွင်း ကလေး ၁၀ သန်းကျော်မှာ အစိုးရကျောင်းများနှင့် ပုဂ္ဂလိကကျောင်းများတွင် တက်ရောက်မည်ဖြစ်ကြောင်း ဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

အာဖဂန်ကြားဖြတ်အစိုးရ၏ ကန့်သတ်ချက်များအပေါ် အခြေခံ၍ ဆဋ္ဌမတန်းနှင့်အထက် မိန်းကလေးများသည် အတန်းများကို တက်ရောက်နိုင်ခွင့်မရှိဘဲ နောက်ထပ်သတိပေးချက် မထုတ်ပြန်မီအထိ အမျိုးသမီးများကို တက္ကသိုလ်တက်ရောက်ခွင့်များလည်း တားမြစ်ထားကြောင်း သိရသည်။ **ဆင်ဟွာ**

## ဖိလစ်ပိုင်နိုင်ငံ၌ နေအိမ်မီးလောင်မှုဖြစ်ပွား သုံးဦးသေဆုံး၊ လေးဦးဒဏ်ရာရ

**မနီလာ မတ် ၂၀**

ဖိလစ်ပိုင်နိုင်ငံမြို့တော်၌ မတ် ၂၀ ရက် မွန်းလွဲပိုင်းတွင် မီးလောင်မှုဖြစ်ပွားရာ သုံးဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိကြောင်း ဖိလစ်ပိုင်မီးဘေးကာကွယ်ရေးဌာနက ပြောကြားသည်။

မနီလာမြို့ တွန်ဒိုခရိုင်၌ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၂၂ မိနစ်ခန့်က မီးစတင်လောင်ခဲ့ကြောင်း၊ မီးလောင်မှုကြောင့် စုံတွဲတစ်တွဲနှင့် အခြားအမျိုးသားတစ်ဦးသေဆုံးခဲ့ကြောင်း၊ နေအိမ်ခြောက်လုံးမှာလည်း မီးလောင်ခဲ့ပြီး ဒေသခံ ၅၀ ကျော်ကို ထိခိုက်ခဲ့ရကြောင်း အဆိုပါဌာနက ပြောကြားသည်။ မီးသတ်သမားများက နှစ်နာရီကြာ မီးငြိမ်းသတ်ခဲ့ရပြီး ဖိလစ်ပိုင်မီးဘေးကာကွယ်ရေးဌာနက မီးလောင်မှုဖြစ်ပွားရသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

## အစ္စရေးလေဆိပ်ကို ယီမင်ရှိ ဟူသီများက ဒုံးကျည်ဖြင့်တိုက်ခိုက်

**ဆာနား မတ် ၂၀**

အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့ရှိ ဘင်ဂူရီယန် အပြည်ပြည်ဆိုင်ရာလေဆိပ်ကို မတ် ၂၀ ရက် နံနက်ပိုင်းက တာဝေးပစ်ပဲ့ထိန်းဒုံးကျည်ဖြင့် တိုက်ခိုက်ခဲ့သည်ဟု ယီမင်မှဟူသီအုပ်စုက အခိုင်အမာပြောကြားခဲ့သည်။

အဆိုပါ စစ်ဆင်ရေးကို အသံထက်မြန်သည့် ပဲ့ထိန်းဒုံးကျည်ဖြင့် လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ပန်းတိုင်ကိုအောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့သည်ဟု ဟူသီအုပ်စုမှ ပြောရေးဆိုခွင့်ရှိသူ ယာရာဆာရီယာက ဟူသီတို့ထိန်းချုပ်ထားသည့် ရုပ်သံလိုင်းအယ်-မာဆီရာတွင် ဖော်ပြထားသည်။

ထိုစဉ် ပင်လယ်နီမြောက်ပိုင်းရှိ ယူအက်စ်အက်စ်ဟာရီ ထရူမန်း လေယာဉ်တင်သင်္ဘောကို မတ် ၂၀ အစောပိုင်းက တိုက်ခိုက်မှုပြုလုပ်ခဲ့သည်ဟု ဟူသီအုပ်စုက ပြောသည်။

အဆိုပါတိုက်ခိုက်မှုသည် မတ် ၁၅ ရက်မှ စတင်၍ ငါးကြိမ်မြောက်တိုက်ခိုက်ခြင်းလည်းဖြစ်ပြီး ပဲ့ထိန်းဒုံးကျည်များနှင့် ဒရုန်းများကို အသုံးပြုတိုက်ခိုက်ခဲ့သည်ဟု ပြောသည်။

ဆာနားမြို့နှင့် ယီမင်နိုင်ငံ မြောက်ပိုင်းပြည်နယ်များကို ပြင်းထန်သည့် လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ပြီး ယင်းသို့ပြုလုပ်ခြင်းကြောင့် အရပ်သားများ သေဆုံးခဲ့ရမှုအပေါ် လက်တုံ့ပြန်သည့်အနေဖြင့် အမေရိကန်လေယာဉ်တင်သင်္ဘောကို တိုက်ခိုက်ရခြင်းဖြစ်သည်ဟု ဟူသီပြောရေးဆိုခွင့်ရှိသူက ပြောသည်။

အစ္စရေးမြို့ကြီးများ၊ အစ္စရေးသင်္ဘောများနှင့် ပင်လယ်နီရှိ အမေရိကန်စစ်သင်္ဘောများကို ဟူသီအုပ်စုက တိုက်ခိုက်နေမှုကို ရပ်တန့်ရန်အတွက် အမေရိကန်သည် ဟူသီအုပ်စုကို လေကြောင်းမှ တိုက်ခိုက်မှုများ ပြန်လည်စတင်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကြေညာခဲ့သည်။ **ဆင်ဟွာ**



# နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၇၉ ဦး လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၅၃ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်း

**နေပြည်တော် မတ် ၂၀**

မြန်မာ-တရုတ်-ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation) ဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု(Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေကြသူများ၊ ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်မှကြိုးကိုင်သော ပြည်ပနိုင်ငံသားများကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိရာ ယနေ့တွင် အဆိုပါလုပ်ငန်းများ၌ ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၇၉ ဦးကို မြန်မာ-ထိုင်း အမှတ် (၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၅၃ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်နှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ပြည်ပနိုင်ငံသားများအား ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ စာရင်းဇယားအချက်အလက်များ မှန်ကန်ပြည့်စုံစေရေး၊ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ နှောင့်နှေးကြန့်ကြာမှုမရှိစေရေးနှင့် အမြန်ဆုံး စနစ်တကျ ပြန်လည်လွှဲပြောင်းနိုင်ရေးကိစ္စရပ်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်မှာကြားကာ ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲ ကျင်းပရာ၌ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning နှင့် ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှတာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။



အလားတူ မြဝတီမြို့ မယ်ထော်သလေးနယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် တရုတ်နိုင်ငံသား ၁၃၃ ဦးနှင့် အီသီယိုးပီးယားနိုင်ငံသား ၁၂၀ စုစုပေါင်း ၂၅၃ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက ဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၂၀ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၇၆၁၆ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၄၉၅၀ ကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၆၆၆ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရသည်။

သတင်းစဉ်

---

## ကျိုက်ထိုမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ စက္ကူဖြင့် အရုပ်အမျိုးမျိုးခေါက်နည်း သင်တန်းဖွင့်

**ကျိုက်ထို မတ် ၂၀**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စက္ကူဖြင့် အရုပ်အမျိုးမျိုးခေါက်နည်း သင်တန်းကို မတ် ၁၉ ရက် မွန်းလွဲပိုင်းက မြို့နယ်လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က စာကြည့်တိုက်ဆိုင်ရာ လှုပ်ရှားမှုတစ်ခုအနေဖြင့် နွေရာသီကျောင်းပိတ်ရက်အားလပ်ရက်တွင် လူငယ်၊ လူရွယ်များအား အချိန်ကို အကျိုးရှိစွာအသုံးပြုနိုင်ရန်၊ လက်မှုအတတ်ပညာများကို တတ်မြောက်စေရန်၊ စွမ်းရည်ပြည့်ဝသော နိုင်ငံ့သားကောင်း၊ သမီးကောင်းများဖြစ်လာစေရန် ရည်ရွယ်၍ သင်တန်းကိုဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ရုပ်/သံကျွမ်းကျင်(၃) ဒေါ်နီလာအောင်က စက္ကူဖြင့် ဆင်ရုပ်၊ ကျားရုပ်၊ ဝက်ရုပ်၊ မြွေခွေးရုပ်၊ ဘဲရုပ်၊ သင်္ဘောရုပ်၊ စကြာပန်းနှင့် ကြာပန်း အရုပ်များ ပြုလုပ်နည်းကို လက်တွေ့သင်ကြားပြသပေးကြောင်း သိရသည်။

**ကျိုက်ထို(ပြန်/ဆက်)**

---

## ရေစကြိုမြို့နယ် ငတရော်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်၍ မီးရှို့ဖျက်ဆီးပြီး ပြည်သူများအား လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းကြောင့် ပြည်သူများထွက်ပြေးနေရကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**ရန်ကုန် မတ် ၂၀**




မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ငတရော်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မတ် ၁၉ ရက်တွင် ဝင်ရောက်၍ မီးရှို့ဖျက်ဆီးပြီး ပြည်သူများအား လက်နက်ကြီး/ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းကြောင့် ပြည်သူများထွက်ပြေးနေရကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသားလျက်ရှိသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ နယ်မြေခံလုံခြုံရေးတာဝန်ရှိသူတစ်ဦးအား ဆက်သွယ်မေးမြန်းချက်အရ အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ရေစကြိုမြို့နယ်အတွင်း နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး အဆိုပါရက်နေ့တွင် ငတရော်ကျေးရွာအား အနီးဝန်းကျင်၌ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း၊ အကြမ်းဖက်သမားများကသာ အဆိုပါနယ်မြေအတွင်းရှိ ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာများအား မီးရှို့ဖျက်ဆီးခြင်း၊ လက်နက်ကြီးများ၊ ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း၊ ထိုကဲ့သို့ အကြမ်းဖက်သမားများ၏ လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင် လွဲမှားစေရန်အတွက် တရားမဝင် ပြည်ဖျက်မီဒီယာများက ယခုကဲ့သို့ မဟုတ်မမှန်ရေးသားဖြန့်ဝေနေခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## လူထုအခြေပြုဗဟိုဌာန(ဗဟန်း)၌ အင်္ဂလိပ်စာသင်တန်းဖွင့်

**ရန်ကုန် မတ် ၂၀**

အနာဂတ်မျိုးဆက်သစ် ကျောင်းသား ကျောင်းသူလူငယ်လေးများအား နွေရာသီကျောင်းပိတ်ရက်ကာလတွင် အချိန်ကိုအကျိုးရှိစွာ အသုံးချနိုင်ရန်အတွက် ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကမာရွတ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ နွေရာသီ အခြေခံ အင်္ဂလိပ်စာသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီက ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာန(ဗဟန်း)ခန်းမ၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဝေက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူးဒေါ်အေးအေးခိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ ကမာရွတ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နီနီအေးက အင်္ဂလိပ်စာ သင်တန်းနည်းပြဆရာ SH မြင့်သူထက် (YU) အား ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

အဆိုပါအင်္ဂလိပ်စာသင်တန်းတွင် ခရိုင်အတွင်းရှိ အခြေခံပညာ အထက်တန်း၊ အလယ်တန်းဆင့် ကျောင်းသား ကျောင်းသူ ၅၀ ကို မတ် ၂၀ ရက်မှ ၃၁ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

---

## ဟုမ္မလင်းမြို့နယ် ဗျူဟာ - မှန်ပင် မြေသားလမ်း နှစ်မိုင် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

**နေပြည်တော် မတ် ၂၀**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ဗျူဟာလမ်းမှ မှန်ပင်ကျေးရွာသို့ ဆက်သွယ်ထားရှိသည့် ဗျူဟာ - မှန်ပင် မြေသားလမ်း နှစ်မိုင် လမ်းအဆင့်မြှင့်တင်၍ အမာခံလမ်းခင်းခြင်း လုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လမ်းဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ဟုမ္မလင်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ အိမ်ထောင်စု ၃၅၁၉ စု၊ လူဦးရေ ၂၀၆၀၆ ဦးတို့၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အစရှိသည့် ကဏ္ဍများတွင် ပိုမိုတိုးတက်ကောင်းမွန်လာစေနိုင်မည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ စက်သုံးဆီများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ ရေယာဉ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မတ် ၁၉ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက် ဇီးကျွန်းနယ်မြေရှိ ဧရာဝတီမြစ်ကြောင်းအနီး၌ တရားမဝင် ရွှေတူးဖော်ရာ၌အသုံးပြုသည့် မျှောဖောင်ငါးခုနှင့် ဆက်စပ်ပစ္စည်း လေးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၇၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး မြန်မာ့သတ္တုတွင်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့နယ်နှင့် မုံရွာမြို့နယ်တို့၌ တရားမဝင် ကျွန်းသစ် ၃ ဒသမ ၈၄၅ တန်၊ အခြားသစ် ၁ ဒသမ ၀၄၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၇၃၆၅၅၂) ကို သစ်တောဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့နယ် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Nissan AD မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင်စက်သုံးဆီ ဓာတ်ဆီဂါလန် ၁၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀) ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၉၃၆၅၅၂ ကို ဖမ်းဆီး အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်မြို့ အင်းလေးကမ်းရပ် မင်းဓမ္မလမ်းရှိ ဂိုဒေါင်နှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၉၃၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ မြိတ်မြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၇၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၆၃၀၀၀၀ ကို ဖမ်းဆီး အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးမြို့ ကျွန်းသာယာရပ်ကွက် ယာဉ်ဝင်းသစ်ရှိ အမှတ်(D.18)၊ ကောင်းမြတ်မန်းခရီးသည်ပို့ဆောင်ရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၆၆၄၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တောင်ငူခရိုင်အတွင်း၌ တရားမဝင် အခြားသစ် ၀ ဒသမ ၅၆၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၂၆၈)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၆၈၈၂၆၈ ကို ဖမ်းဆီး အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးဂိတ်၌ မြစ်ကြီးနားမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၄၅၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace Micro Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၀၀၀၀၀)ကိုလည်းကောင်း၊ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၄၂၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Van တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ ပြင်ဦးလွင်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၅၆၅၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Hilux Surf တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၀၀၀၀၀၀) ကိုလည်းကောင်း၊ ပလိပ်မြို့ Denko ဆီဆိုင်အနီး၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းငါးမျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၁၃၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ကျောက်ဆည်မြို့ အထွက် ဘီးခွန်ကောက်ခံရေးဂိတ်အနီး၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၅၉၂၀၉၃) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Giga Truck တစ်စီး၊ Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၀၀၀၀၀၀) ကိုလည်းကောင်း၊ ကျောက်ဆည်မြို့ မြို့ရှောင်လမ်းအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၃၂၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Man Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၃၃၁၃၅၉၃ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မုတ္တမဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပုသိမ်မြို့ အမှတ် (၁၅)ရပ်ကွက်၌ လိုင်စင်မဲ့ Toyota Wish မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀)ကိုလည်းကောင်း၊ မအူပင်မြို့ မင်းလမ်း၌ လိုင်စင်မဲ့ Wave X မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းနောက် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တာချီလိတ်မြို့နယ် လွယ်စတုံကျေးရွာ တာချီလိတ်-မိုင်းဟဲလမ်းမရှိ ဦးညီနပ်ပိုင် ခြံဝင်းအတွင်း၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၂၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဥတ္တရခရိုင်အတွင်း၌ တရားမဝင် အခြားသစ် ၁ ဒသမ ၉၄၀ တန်နှင့် မီးသွေး ၄ ဒသမ ၈ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၂၅၀၇ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုတ္တမဆိပ်ကမ်း၌ မြိတ်မြို့မှ ရန်ကုန်မြို့သို့ ဝင်ရောက်ဆိုက်ကပ်လာသော ရေယာဉ်တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၂၄၉၉၆၇) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. SML-01 ရေယာဉ်တစ်စင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀၀၀) ကို လည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ နှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး၊ လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၇၉၁၁၄၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(သွင်းကုန်) ၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၀၈၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၄၃၄၉၁၀၇ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မတ် ၁၉ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၈ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၃၉၉၁၆၅၀၂၇) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှု စွမ်းအားကျဆင်းခြင်းတို့ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းတို့ကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း။

( ခ ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်ခြင်း။

( ဂ ) မြေဆီလွှာဇီဝခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်းလျော့နည်းခြင်း။

(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

## ဘီးလင်းမြို့နယ် ကရဝေးဆိပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**ဘီးလင်း မတ် ၂၀**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝင်းသောင်ကျေးရွာအုပ်စု ကရဝေးဆိပ်ကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေကျပ် ၁၂ သန်းဖြင့် အရှည် ပေ ၃၆၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ မတ်လဒုတိယပတ်က လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မောင်မွှေး**

## တိမ်အနည်းငယ် ဖြစ်ထွန်း

**နေပြည်တော် မတ် ၂၀**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# ၂၀၂၅ ခုနှစ် မတ်လအတွင်း (၁-၃-၂၀၂၅ ရက်နေ့မှ ၁၅-၃-၂၀၂၅ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝှမ်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz-Scanner၊ Air Quality Monitoring Station (AQM-65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$) ၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၂.၅ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုက် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုက် |
| ၁ | နေပြည်တော် | | | | | | | |
| | ၁ | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | |
| | ၁ | ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ ဒဂုံမြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | လက်ခံနိုင်သော | ကောင်းမွန် | | |
| | ၂ | International Business Center (IBC)၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | လက်ခံနိုင်သော | ကောင်းမွန် | | |
| | ၃ | တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | လက်ခံနိုင်သော |
| ၃ | မန္တလေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | အမရပူရမြို့နယ် | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် | လက်ခံနိုင်သော | ကောင်းမွန် | | | |
| | ၂ | အောင်မြေသာစံမြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | ပုသိမ်ကြီးမြို့နယ် | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် | လက်ခံနိုင်သော | ကောင်းမွန် | | | |
| | ၄ | ညောင်ဦးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၅ | ကျောက်ဆည်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၆ | ပြင်ဦးလွင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၇ | မိတ္ထီလာမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | |
| | ၁ | မုံရွာမြို့ | ခံနိုင်ရည်နည်းပါးသူများသာ ထိခိုက်နိုင် | လက်ခံနိုင်သော | ကောင်းမွန် | | | |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ထားဝယ်မြို့ | – | ကောင်းမွန် | | | – | ကောင်းမွန် |
| ၆ | ပဲခူးတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပဲခူးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၇ | မကွေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | မကွေးမြို့ | ခံနိုင်ရည်နည်းပါးသူများသာ ထိခိုက်နိုင် | | – | ကောင်းမွန် | | |
| | ၂ | သရက်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |
| ၈ | ဧရာဝတီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပုသိမ်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၉ | ကရင်ပြည်နယ် | | | | | | | |
| | ၁ | ဘားအံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | မြဝတီမြို့ | လက်ခံနိုင်သော | ကောင်းမွန် | ခံနိုင်ရည်နည်းပါးသူများသာ ထိခိုက်နိုင် | လက်ခံနိုင်သော | ကောင်းမွန် | |
| ၁၀ | မွန်ပြည်နယ် | | | | | | | |
| | ၁ | မော်လမြိုင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၁၁ | ရှမ်းပြည်နယ် | | | | | | | |
| | ၁ | တောင်ကြီးမြို့ | – | – | ကောင်းမွန် | | – | – |
| | ၂ | တာချီလိတ်မြို့ | ခံနိုင်ရည်နည်းပါးသူများသာ ထိခိုက်နိုင် | – | – | – | – | – |
| | ၃ | ကျိုင်းတုံမြို့ | ကျန်းမာရေးကို ထိခိုက်စေနိုင်သော အဆင့် | – | – | – | – | – |
| | ၄ | မိုင်းဆတ်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |

### လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့် အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့် နေရာအနီးဝန်းကျင်အခြေအနေတို့အပေါ် မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေး ရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

**PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်**

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။




## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 22U/4294 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ညောင်ပင်ကြီးစုကွက်သစ်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/ညောင်ပင်ကြီးစုရပ်၊ မြေဧရိယာ (၀.၀၈၂၈ဧ)ရှိ မြေကွက်အမှတ် (ပ-၅၃၆အေ)ကို အမည်ပေါက် ဒေါ်ခိုင်စံပယ်အေး (ဘ) ဦးအေးမောင် ၅/ပလဘ(နိုင်)၀၇၁၆၇၄မှ ဒေါ်မွန်မွန်အောင် (ဘ)ဦးတင်အောင် ၅/ခဥတ(နိုင်)၀၅၉၁၃၉နှင့် မှတ်ပုံတင်အရောင်းအ၀ယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇ၀င် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီ များအထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု ဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇ၀င် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ တိုက်ကြီးမြို့နယ်၊ ရှမ်းစုကျေးရွာအုပ်စု၊ ကွင်းအမှတ်(၇၄၈B)၊ကွင်းအမည် တိုက်ကြီးရှမ်းစုတောင်၊ ဦးပိုင်အမှတ်-၁၂၆ခ နှင့် ဦးပိုင်အမှတ်-၁၂၇က လယ်မြေကွက်(၂)ကွက် အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ကို အမည်ပေါက်ပိုင်ရှင် ဦးခင်မောင်ကြွယ် ၁၂/တကန (နိုင်)၁၂၂၀၉၀ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်မ၏ မိတ်ဆွေက စရန်ငွေပေးချေပြီးဖြစ်၍ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်မထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဲသဲ LL.B,D.B.L,D.I.L,ABE(UK)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၃၊ (၃လွှာ)၊ ဆရာမကြီးလမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၁၁၅၀၉**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4J/5999 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၆၉၈/ခ)၊ မြေကွက်တည်နေရာ အမှတ်(၆၉၈/ခ)၊ သုမင်္ဂလာလမ်း၊(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးတင်ရွှေ (၁၂/ဥကတ(နိုင်)၁၃၀၂၃၂)၊ ဒေါ်စိုးစိုးမြင့် (၁၂/ဥကတ(နိုင်)၀၉၈၃၅၆) အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်အမည်ပေါက် ဦးတင်ရွှေ ဒေါ်စိုးစိုးမြင့်မြေကွက်အား ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၇၆၆၇/၂၀၂၃)(၃၀-၈-၂၀၂၃)ဖြင့် ရရှိသူ ဦးတင့်လွင်၊ ဦးမောင်မောင်လွင်၊ ဒေါ်မြင့်မြင့်အေး၊ ဦးညီညီလွင်၊ ဦးကျော်ကျော်လွင်၊ ဒေါ်မြင့်မြင့်စန်းပိုင်ဆိုင်ထားပြီး ဦးတင့်လွင်၊ ဦးမောင်မောင်လွင်၊ ဒေါ်မြင့်မြင့်အေး၊ ဦးညီညီလွင်၊ ဦးကျော်ကျော်လွင်၊ ဒေါ်မြင့်မြင့်စန်း (ကွယ်လွန်သူဦးတင်ရွှေဒေါ်စိုးစိုးမြင့်တို့၏ အမွေဆက်ခံခွင့်ရရှိသူသား/သမီးများ) အားတရားပြိုင်ထား၍ တရားလို ဒေါ်ခင်မူမူထိုက်မှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် စွဲဆိုခဲ့သော တောင်ဥက္ကလာပမြို့နယ်တရားရုံး၊ တရားမကြီးမှု အမှတ်(၇၀/၂၀၂၄)၏ စီရင်ချက်၊ တရားမဇာရီမှုအမှတ် (၆/၂၀၂၅)အမိန့်တို့အရ တရားရုံးကိုယ်စား ဘီလစ်ဒေါ်နန့်ဆန်းသိန်း (၁၂/မရက(နိုင်)၀၄၇၆၁၆)မှ ဂရန်၊ နိုင်/ကတ်၊ ဘီလစ်ခန့်စာ၊ ပိုင်ဆိုင်စာချုပ်၊ ဝန်ဆောင်ခတို့တင်ပြ၍အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၈/ဘုရင့်နောင်)၊ ဦးပိုင်အမှတ်(၈ခ)၊ ဧရိယာ(၀.၀၇၂)ကေရှိ ဦးတင်ဝင်းတိုး(ပါ)၄ဦး(ဦးတင်ဝင်းတိုး(ခ) ဦးတင်ဝင်း၊ ဒေါ်နီ၊ဒေါ်စောကြည်၊ ဒေါ်စောရီ) အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမွေဆက်ခံပိုင်ဆိုင်ကြောင်း မွတ်ပ်ဟကြေညာ စာချုပ်အမှတ်(၆/၂၀၂၅)ဖြင့် ပိုင်ဆိုင်ထားသူ ဦးတင်ဝင်းတိုး (ပါ)၆ဦး(ဦးတင်ဝင်းတိုး(ခ)ဦးတင်ဝင်း၊ ဒေါ်နီ၊ ဦးမြင့်စိုး၊ ဒေါ်ခင်အေးတင့်၊ ဒေါ်သွယ်သွယ်စိုး၊ ဒေါ်အိစန္ဒာအောင်)၊ (ဘ)ဦးတိုး ၉/တကန(နိုင်)၀၀၄၇၄၇ တို့မှ မြေငှားစာချုပ်၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်းမွတ်ပ်ဟကြေညာစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းများတင်ပြ၍ မြေငှားစာချုပ်သက်တမ်းတိုးအမည်ပြောင်း လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံ ခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့် ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ်သက်တမ်းတိုး လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ -၂၀)
## ပုသိမ်ခရိုင်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၀၇

ဦးမျိုးထွန်းအောင် (တရားလို) နှင့် ဦးစည်သူထက်ဇော် (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ ဓမ္မဝိဟာရလမ်း၊ အမှတ်(၃၈)နေ ဦးစည်သူထက်ဇော်(ယခုနေရပ်လိပ်စာမသိရ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမျိုးထွန်းအောင်က နှစ်ဦးသဘောတူကတိစာချုပ်ပါငွေ (၁၅၇၈၂၉၈၂)ကျပ်နှင့် နှစ်နာကြေးငွေ(၃၀၀၀၀၀၀၀)ကျပ်၊ စုစုပေါင်းငွေ(၁၈၇၈၂၉၈၂)ကျပ် ရလိုမှုအား လျှောက်ထားစွဲဆိုထားချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အမှုကိုချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဧပြီလ(၄) ရက် (၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း(၇)ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါရှိသူ လျှောက်ထားသူမှ စွဲဆိုချက်ကိုထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာရောက်၊ ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့်တကွ သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းများအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရ မည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄)ရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မတ်လ(၂၀)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြင့်ကျော်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ပုသိမ်ခရိုင်တရားရုံး**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ် (၅၃-အေ/မြန်မာနန်းတိုးချဲ့ကွက်သစ်)၊ ဦးပိုင်အမှတ်(၁၅၅)၊ ဧရိယာ (၀ဒသမ၀၈၃)ကေရှိ မြေကွက်သည် ဒေါ်ထွေးထွေးဦး အမည်ဖြင့် မြေပေးမိန့်ရရှိခဲ့ပါသည်။ မြေပေးမိန့်အမည်ပေါက် ဒေါ်ထွေးထွေးဦး ၁၃/မမန(နိုင်) ၀၀၃၂၈၀ က လူနေထိုင်ရန် မြေငှားဂရန်(အသစ်)လျှောက်ထားလာမှုအပေါ် ကန့်ကွက်တင်ပြလိုသူမည်သူမဆို ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၂၂၇၁၊ ၂၂၇၂)၊ ဧရိယာ(၀.၁၁၀)ကေရှိ နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အား အမည်ပေါက်သူ ဦးကျော်ကျော်နိုင် ၁၂/အလန(နိုင်)၀၃၅၄၃၀မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးစိုင်းဆိုင်ကော်မိန်း ၁၃/မဆတ(နိုင်)၀၄၄၂၉၄၊ ဒေါ်နန်းအေးအေးသိန်း ၉/ခအဇ(နိုင်)၀၁၄၅၆၄တို့နှင့် မှတ်ပုံတင် အရောင်း အဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂ပေါင်းလောင်း-၂၊ မြေကွက်အမှတ် (၆၀၂၉)၊ ဧရိယာ(၀.၁၄၇)ကေရှိ နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား အမည်ပေါက် ဦးကျော်ကျော်ဟိန်း(ခ) ဆဲ(လ်)ဝကူမာ(ရ်) ၁၂/သခန(နိုင်)၁၀၈၅၆၃မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်ယဉ်နွယ်မိုး ၉/မခန(နိုင်)၁၄၉၆၆၇နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 77W/49481, Luojia 125 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းကျော်စွာ ၁၄/မအန(နိုင်) ၁၇၄၅၁၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (ဟသ်ာတ)**

## အမြန်ဆက်သွယ်ပါ

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ ဥတ္တံတားရပ်ကွက်နေ ကျွန်တော်၏ ဇနီးဖြစ်သူ ဒေါ်နှင်းသန္တာဝင်း ၁၄/ပသန(နိုင်) ၁၁၁၀၉၂ သည် စိတ်သဘောထားခြင်း မတိုက်ဆိုင်၍ ခင်ပွန်းဖြစ်သူ ကျွန်တော် ဦးထွန်းစိုးအောင် ၁၃/ရစန(နိုင်) ၀၄၈၀၇၇၏ ခွင့်ပြုချက်မရရှိဘဲ နေအိမ်မှ ဆင်းသွားပါသဖြင့် မိ သားစုကိစ္စ ဆွေးနွေးလိုပါ၍ ဤသတင်းစာ ကြော်ငြာပါသည့်ရက်မှ (၂)ပတ်အတွင်း ဆက်သွယ် အကြောင်းကြားပေးပါရန်။

**ဦးထွန်းစိုးအောင်**
**(ဖုန်း-၀၉-၆၉၁၃၃၂၈၆)**

## မွေးသက္ကရာဇ်မှန်

လယ်ဝေးမြို့၊ အေလာသတ္တုစက် ဝန်ထမ်းအိမ်ရာနေ ဒေါ်ဖူးမားဒေဝီ(ခ) ဒေါ်ဖူလ်မားဒေဝီ (ခ) ဒေါ်ဖူလ်မာဒေဝီ ၉/လဝန(နိုင်) ၀၀၅၂၉၈၏ မွေးသက္ကရာဇ်မှန်မှာ ၇-၁၀-၁၉၆၇ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်မေပန်းချီစိုးနောင် ၁၀/သဖရ(နိုင်)၁၄၇၀၃၅၏ ဝယ်ယူခွင့် ပါမစ်အမှတ် SCP1 16-17 4040(12-12-2016)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၀၀၀၇၅၄**

## အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်၊ အလုံကျေးရွာအုပ်စု၊ ရွာသစ်ကလေးကျေးရွာမှ (ဘ)ဦးရဲဝင်းအောင် ၁၁/ဂမန(နိုင်)၀၄၄၅၄၈ ၏ သမီး မအိမ့်သီရိစံအား မအိသင်ဇာမွန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မအိသင်ဇာမွန်**

## မိဘအမည်မှန်

တောင်ငူမြို့နယ်၊ အထက နတ်စင်ကုန်း G-4 (၂၀၂၄-၂၀၂၅ ပညာသင်နှစ်)မှ မောင်ကောင်းခန့်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးတင်ထွန်းဇော် ၁၂/ ကမရ(နိုင်)၀၀၂၅၈၅ နှင့် မိခင်အမည်မှန်မှာ ဒေါ်ခိုင်ရည်မွန် ၈/ရနခ(နိုင်)၀၇၂၀၅၁ ဖြစ်ပါကြောင်း။

**ဦးတင်ထွန်းဇော်-ဒေါ်ခိုင်ရည်မွန်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

တောင်ငူမြို့၊ အမှတ်(၂၁)ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၁/ထီးနီကုန်း)၊ ဦးပိုင်အမှတ် (ခ/၃၅)၊ ဧရိယာ(၀ဒသမ၁၆၇)ကေရှိမြေနေရာအား ဒေါ်အနီသာမှ မြေငှားဂရန်အသစ် လျှောက်ထားလာ၍ ကန့်ကွက်လိုသူများ အနေဖြင့် ခိုင်မာသည့် အထောက်အထားများ တင်ပြပြီး ယနေ့မှစ၍ (၁၅) ရက်အတွင်း ဤမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဒေါ်အနီသာအား မြေငှားဂရန်အသစ် ထုတ်ပေးလိမ့် မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

တောင်ငူမြို့၊ အမှတ်(၂၁) ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၁၆/စစ်ဆေးရုံ)၊ ဦးပိုင်အမှတ် (၈/၇)၊ ဧရိယာ(၀ဒသမ၀၇၁) ကေရှိ မြေနေရာအား ဒေါ်အနီသာမှ မြေငှားဂရန်အသစ် လျှောက်ထားလာ၍ ကန့်ကွက်လိုသူများ အနေဖြင့် ခိုင်မာသည့် အထောက်အထားများ တင်ပြပြီး ယနေ့မှစ၍ (၁၅) ရက်အတွင်း ဤမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဒေါ်အနီသာအား မြေငှားဂရန်အသစ် ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

တောင်ငူမြို့၊ အမှတ်(၁၉)ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၁၉-ခ/ရုံးကြီး)၊ ဦးပိုင်အမှတ် (၃၆/ခ)၊ ဧရိယာ (၀ဒသမ၁၉၉) ကေရှိ မြေနေရာအား ဦးကောင်းထက်မှ သက်တမ်းတွင်း/အမည်ပြောင်းမြေငှားဂရန် လျှောက်ထားလာ၍ ကန့်ကွက်လိုသူများ အနေဖြင့် ခိုင်မာသည့် အထောက်အထားများ တင်ပြပြီး ယနေ့မှစ၍ (၁၅)ရက်အတွင်း ဤမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဦးကောင်းထက်အား သက်တမ်းတွင်း/အမည်ပြောင်း မြေငှားဂရန် ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိ အနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေရီယာ (၀ဒသမ၀၅၅)ကေရှိ ဒေါ်သွယ်သွယ် (ခ)ဒေါ်သိန်းငွေး ၁၂/ရကန(နိုင်)၀၁၉၁၂၈(ဘ) ဦးဘမောင် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၃၂၇၁၆)ကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၅၂၁၆/၂၀၂၃(၃၁-၇-၂၀၂၃)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးအောင်ကိုကို ၁၂/သဃက (နိုင်)၂၁၇၃၆၇ (ဘ) ဦးကျော်နိုင်မှ ဒေါ်မျိုးမျိုးဝင်း ၁၂/သကတ(နိုင်)၁၂၉၃၃၉နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအားဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် (ZC-၀၁၀(၀၃၉))၊ဧရိယာ(၀ဒသမ၂၂၀)ကေရှိ ဦးရှင်စင်(ခ)မေဖုဂမ်(ခ)ဦးမြင့်ဆွေ(ဘ)ဦးစောယု(ခ)မွေဖုဂမ် ၁၃/ကခန(နိုင်) ၀၃၀၁၈၂အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက် သူ မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးမျိုးညွန့်(ဘ)ဦးကျော်ညွန့် ၁၂/မဂဒ(နိုင်)၀၂၃၂၂၁နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအားဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၂၁) လမ်း၊ လူနေရပ်ကွက်အမှတ် (နဝဒေးအိမ်ရာစီမံကိန်း)၊ မြေတိုင်းအမှတ် (၃/၄)၊ မြေကွက်အမှတ် (၃၂၉)(Block-53)၊ အိမ်အမှတ် (၂) အကျယ်အဝန်း (၄၀x၆၀) ပေရှိ ဒေါ်ကျော့ဝင့်ဝင့်ခိုင် (၁၄/ညတန(နိုင်)၁၀၆၀၈၆ ) အမည်ပေါက်ထွက်ရှိထားသည့် နှစ် (၆၀) ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်တိုက်အဆောက်အအုံနေအိမ်အပါအဝင် ယင်းမြေနှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသူ ဒေါ်ကျော့ဝင့်ဝင့်ခိုင် (၁၄/ညတန(နိုင်) ၁၀၆၀၈၆)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သည့် ဒေါ်တင်ဇာလီဦး (၁၂/လမန(နိုင်)၁၄၆၀၄၅)က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အဆိုပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၀)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထားနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ချစ်ချစ်စံ(စဉ် - ၁၇၀၇၁)** **ဦးစန်းမင်းဦး(စဉ် - ၁၉၅၄၀)** **ဒေါ်ခိုင်စုဝေ(ခ)ဒေါ်ငုဝါဝါလွင် (စဉ်- ၁၉၅၃၉)**
**(တရားလွှတ်တော်ရှေ့နေများ )**
**အမှတ် - (B-5)၊ အခန်း(၂၀၁)၊ ရွှေကမ္ဘာအိမ်ရာ၊ မင်းဓမ္မလမ်း၊ (၃) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၁၀၀၀၈၆၉၅၊ ၀၉-၂၅၈၀၀၁၇၉၇**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 60W/12851, Kenbo110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းဝင်းမော် ၁၄/မအန(နိုင်) ၀၄၁၇၄၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/36012 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နွယ်ဦး ၅/ရဘန(နိုင်)၀၆၉၉၉၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရွှေဘို)**
**ရွှေဘိုမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7W/04813, Honda Wave 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးချစ်မင်းသူ ၁၄/သပန(နိုင်) ၁၂၆၇၀၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် (S-၃၂၆)၊ ဧရိယာ (၀.၂၂၉)ကေရှိဦးစိန်မြင့်ထွန်း (ဘ)ဦးအေးချို ၁၂/ရကန(နိုင်)၀၇၅၇၉၆ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်သဥ္ဇာမြင့်အောင် (ဘ) ဦးမြင့်အောင် ၉/ရမသ(နိုင်)၁၀၅၀၄၀နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းရပ်ကွက်၊ အပိုင်(၁၆)၊ အမှတ် (၁၆/၇+၂)ဟုခေါ်တွင်သော အလျား ၁၄xအနံ ၂၂ပေ အကျယ်အဝန်းရှိ ခေါင်းရင်းဘက်ခြမ်း၊ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ခင်ဝင်းကြူ ၇/ပလန(နိုင်)၀၂၁၂၀၄ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေ ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်၊ နေအိမ်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံ သော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ရီဝင်း (၁၀/ဘလန(နိုင်)၀၀၀၁၇၆)၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိဖြိုးပိုင်(ဥပဒေဘွဲ့)**
**အထက်တန်းရှေ့နေ (စဉ်-၅၃၅၉၃)**
**တိုက် (၄)၊ အခန်း (၃၁) ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်)ဘက်ခြမ်း**
**(၈)မိုင်မီးပွိုင့်အနီး၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၈၉၁၁၈၇၅၄၁**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ (၅/၁၇)ရပ်ကွက်၊ အမှတ် (၁၀၈၅)နေ အဖ ဦးတင်ဦး-အမိ ဒေါ်စိန်သန်းတို့၏သား မောင်အာကာမင်း (၇/ပခန(နိုင်)၄၃၁၆၀၂)သည် မိဘတို့အား အကြိမ်ကြိမ်စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်ငွေးနှင့်ပတ်သက်သည့် ကိစ္စအဝဝအား လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**
**အဖ ဦးတင်ဦး-အမိ ဒေါ်စိန်သန်း**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ် ၂/ပဒေသာ၊ ဦးပိုင်အမှတ်(၁၇၀)၊ မြေဧရိယာ(၀ဒသမ၀၅၅)ကေရှိ မြေကွက်အား မြေငှားဂရန်(ဂရန်သစ်) လျှောက်ထားနိုင်ရေး ဒေါ်နုနု ၉/မမန(နိုင်) ၀၀၈၁၈၈မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင် / မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ် ၃/ပဒေသာ၊ ဦးပိုင်အမှတ်(၄၉၆)၊ မြေဧရိယာ(၀ဒသမ၀၄၆)ကေရှိ မြေကွက်အား မြေငှားဂရန်(ဂရန်သစ်) လျှောက်ထားနိုင်ရေး ဒေါ်အမာစိန် ၉/မမန(နိုင်) ၀၃၇၅၆၄မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင် / မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် ဟ-၆၊ ဦးပိုင်အမှတ် ၄၃/၆၈x၆၉ ကြား၊ ၁၁၆x၁၁၇ ကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကံဝင်း ၉/မနမ(နိုင်)၀၆၀၇၄၈၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၂၅၀/၂၀၂၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မေသက်အောင် ၉/မဟမ(နိုင်)၀၀၉၅၁၂က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/သပြေကုန်း၊ မြေကွက်အမှတ်(၄၂၃)၊ဧရိယာ(၀ဒသမ၀၈၂)ကေရှိ ဦးနေလင်း (ခ)အောင်ခန့် (ဘ)ဦးကျော်လွင် ၉/ပမန(နိုင်) ၁၇၁၃၄၅ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်မိုးမိုးစံ (ဘ) ဦးတင်မောင် ၉/ပမန(နိုင်)၀၀၈၇၉၁နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၆-E)၊ မြေကွက်အမှတ်(၁၀၂ စီ(၁)/၁) ဟုခေါ်တွင်သော မြေဧရိယာ(၀.၀၂၉)ကေရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁)၊ အောင်မင်းခေါင်ဘုရားလမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်ဟု ခေါ်တွင်သော (၃)ထပ်ခွဲအဆောက်အအုံတို့အား အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်သော ဦးသန်းဝင်း (၁၂/မရက(နိုင်) ၀၃၂၄၅၄)၊ ဦးလင်းထက်အောင် (၁၂/စခန(နိုင်)၀၆၁၅၅၉)တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်လင်းလင်း (၁၂/လကန(နိုင်)၁၈၈၄၉၀)က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်း များနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လွင်မာဦး LL.B**
**အထက်တန်းရှေ့နေ (စဉ်-၄၅၀၄၄/၂၀၁၄)**
**အမှတ်(၁၉၁)၊ စံပယ်လမ်း၊ ညောင်သုံးပင် (တောင်ပိုင်း)၊ သန်လျင်မြို့နယ်၊**
**ဖုန်း- ၀၉-၄၂၂၁၁၉၉၀**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ၤန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ကန်တော်လမ်း၊ မြေကွက်အမှတ် ၄၈၈မြေပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၏ တိုက်အမှတ် ၁၇၄၊ ဒုတိယထပ်(၃လွှာ)၊(ခေါင်းရင်းခန်း)၊ တိုက်မျက်နှာမူလျှင် ဘယ်ဘက်ခြမ်းတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်နီနီမာ ၁၂/သဃက(နိုင်)၁၂၅၁၆၅၊ ဒေါ်ခင်ညီညို ၁၂/သဃက(နိုင်)၁၂၅၁၆၄နှင့်ဒေါ်ဝင်းမာ ၁၂/သဃက(နိုင်)၁၃၂၅၂၂တို့မှ တရားဝင်ဝယ်ယူပိုင်ဆိုင်အကျိုးခံစားခွင့်ရရှိခဲ့ပြီးရောင်းချခွင့်ရှိကြောင်း အဆိုပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးဇော်ဇော် ၁၂/စခန(နိုင်)၀၀၆၇၄၄နှင့် ဒေါ်နှင်းနှင်းအေး ၁၂/ကမရ(နိုင်) ၀၅၀၇၉၇တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ် စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ ယခုရောင်းချခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါပြီး ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးဇော်ဇော် ၁၂/စခန(နိုင်)၀၀၆၇၄၄** | **ဒေါ်အေးသူဇာအောင်** |
| **ဒေါ်နှင်းနှင်းအေး၁၂/ကမရ(နိုင်)၀၅၀၇၉၇** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၉၄၃)** |
| | **အမှတ်(၇၇)၊ ဦးပုညလမ်းနှင့် ဗိုလ်ကြာညွန့်လမ်းထောင့်၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊** |
| | **ဖုန်း-၀၉-၄၂၄၅၉၆၈၃၀** |

## ဆိပ်ကမ်းနေရာ၊ စုပုံနေရာနှင့် အဆောက်အအုံနေရာအတွက် လျှောက်လွှာခေါ်ယူခြင်း

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးဆိပ်ကမ်း၊ အမရပူရဆိပ်ကမ်း၊ မန္တလေးပြင်ပ ဆိပ်ကမ်းနှင့် ပုဂံ-ညောင်ဦးဆိပ်ကမ်းနယ်မြေအတွင်း ဆိပ်ကမ်းနေရာ၊ စုပုံနေရာနှင့် ယာယီအဆောက်အအုံ နေရာများအတွက် လျှောက်ထားလိုသူများသည် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ဒေသ-၅)၊ မန္တလေးတိုင်းဒေသကြီး ရုံးတွင် ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

(၁) **လျှောက်လွှာ စတင်လက်ခံမည့်ရက်** - ၂၀၂၅ခုနှစ်၊ မတ်လ ၂၁ ရက်

(၂) **လျှောက်လွှာနောက်ဆုံး- လက်ခံမည့်ရက်** ၂၀၂၅ခုနှစ်၊ ဧပြီလ ၃၀ရက်

သတ်မှတ်ရက်ထက်ကျော်လွန်သော လျှောက်လွှာများကို လက်ခံစဉ်းစားပေးမည်မဟုတ်ဘဲ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၄၂၆၈၁၀၅၉၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မန္တလေးတိုင်းဒေသကြီးဆိပ်ကမ်းကြီးကြပ်ရေးကော်မတီ**

## သွာနုတ္တသမီးဖြစ်ကြောင်းနှင့် အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၂) ရပ်ကွက်၊ သစ္စာရိပ်သာလမ်း၊ အမှတ် (၄/က) နေ ဒေါ်သန်းအေး (၇/ပတန(နိုင်)၀၁၇၅၀၂) ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်ပါသည်။

ဖခင်ဦးတင်ရှိန်(ကွယ်လွန်)နှင့် ဒေါ်သန်းအေးတို့၏သမီးဖြစ်သူ ဒေါ်ဖြူဖြူရှိန် (၁၂/သဃက(နိုင်)၀၂၆၂၉၄)သည် မိခင်နှင့်ဆွေမျိုးသားချင်းများအား အရှက်တကွဲနှင့် စိတ်အနှောင့်အယှက် အမျိုးမျိုးပေးသည့်အပြင် ခွင့်မလွှတ်နိုင်သော အောက်ဖော်ပြပါ အပြုအမူဆိုးများကို ပြုလုပ်ခဲ့ပါသည်-

(၁) ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ စက်မှုဇုန်အမှတ် (၂)၊ ပြည်ထောင်စု လမ်းမကြီးရှိ တိုက်အမှတ် (B-2) အပေါ်ဆုံးထပ် (Level-3) လက်ယာဘက်မိဘပိုင်အခန်းအား ဖခင်ဦးတင်ရှိန်နှင့် မိခင် ဒေါ်သန်းအေးတို့မှ သမီးဖြစ်သူ ဒေါ်ဖြူဖြူရှိန် (၁၂/သဃက(နိုင်)၀၂၆၂၉၄)အား ပေးအပ်ပြီးနေထိုင်စေခဲ့သော်လည်း အဆိုပါတိုက်ခန်းအား မည်သို့ဆောင်ရွက်သွားသည်ကို မသိရှိရဘဲ မိခင်ဖြစ်သူ ဒေါ်သန်းအေးမရှိခိုက် မိခင်နေထိုင်လျက်ရှိသော အထက်ဖော်ပြပါ နေအိမ် ပေါ်သို့ခွင့်ပြုချက်မရှိဘဲ တံခါးချိုးဖျက်ပြီး၊ အိမ်ပေါ်သို့ တက်ရောက်နေထိုင်ကာ မိခင်အား ဆွဲထုတ်တွန်းထိုးလျက် အဝင်မခံဘဲ နေထိုင်ခွင့်မပေးခြင်း၊

(၂) မိခင်ဖြစ်သူအား စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်စေရန်အကြိမ်ကြိမ် ပြုမူလုပ်ဆောင်ခြင်းနှင့် ရန်သူကဲ့သို့ ပြုမူဆက်ဆံခြင်း၊

(၃) မိခင်ဖြစ်သူမှ ဒဏ်ရာအနာတရဖြစ်ခဲ့သည့်အတွက် ကြောက်လန့်လျက်သားဖြစ်သူနှင့်အတူ ပြင်ပတွင် အိမ်ငှားရမ်း၍ ကြပ်တည်းစွာ နေထိုင်ရပြီး၊ ကိုယ်စိတ်နှလုံးသုံးပါးစလုံးညှိုးနွမ်းလျက်ရှိခြင်း၊

(၄) မိခင်ဖြစ်သူမှ နည်းလမ်းတကျဖြင့် အိမ်ပေါ်မှ ဖယ်ရှားပေးရန် နို့တစ်စာပေးပို့ခြင်း၊ မိသားစုလူမှုရေးညှိနှိုင်းရန် ရပ်ကွက်ရုံးမှ တစ်ဆင့် ခေါ်ယူခြင်းတို့ကို ဆောင်ရွက်ခဲ့သော်လည်း နို့တစ်မပြန်ခြင်း၊ ရပ်ကွက်ရုံးသို့ မလာရောက်ခြင်းဖြင့် ပမာမခန့်တုန့်ပြန်ခြင်း၊

အထက်ပါခွင့်မလွှတ်နိုင်သော အပြုအမူဆိုးများကြောင့် ဒေါ်ဖြူဖြူရှိန် (၁၂/သဃက(နိုင်)၀၂၆၂၉၄) အား သွာနုတ္တသမီးဖြစ်ကြောင်းနှင့် အမွေပြတ်စွန့်လွှတ်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်သန်းအေး** | **ဦးသောင်းရွှေ (LL.B, D.B.L., D.M.L, D.I.L)** |
| **(၇/ပတန(နိုင်)၀၁၇၅၀၂)** | **Dip. in Global English** |
| | **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၅၉၁)** |
| | **အမှတ် (၁)၊ မြေညီထပ်၊ ၃၄-လမ်း၊** |
| | **ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊** |
| | **ဖုန်း ၀၉-၅၁၄၂၂၉၈** |

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 44W/66093, Yamaha FZ 150, M/C အမည်ပေါက်သူ/ယာဉ် လက်ဝယ်ရှိသူ ဦးနေဇာမျိုး ၁၄/လပတ(နိုင်)၁၄၆၄၁၈၏ ဖောင်းကြွနံပါတ်ပြားပျောက် လာရောက်လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက်ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၃၁၇၇၉, Honda ND 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကြည်ဝင်း ၁၂/မဂတ(နိုင်) ၀၅၆၄၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(သာယာဝတီ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 73W/36502, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးချစ်ဇော် ၁၄/အဂပ(နိုင်)၂၅၁၄၃၈ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟင်္သာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 55W/86083, Yunde 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးလှိုင် ၁၄/ကခန(နိုင် ၀၉၆၀၅၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟင်္သာတ)**

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
## မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၄ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်-၂၂၂

| | |
|---|---|
| ၁။ ဒေါ်အမာတင် နှင့် | ၁။ ဒေါ်အမာဝေ |
| ၂။ ဦးမောင်စိုး | ၂။ ဒေါ်အမာရွှေ |
| | ၃။ မအိအိစိုး |
| | ၄။ မောင်သူရဦး |
| | ၅။ မသဲနုခိုင် |
| လျှောက်ထားသူများ | လျှောက်ထားခံရသူများ |

လျှောက်ထားခံရသူများ ၃။ မအိအိစိုး(ဘ)ဦးမောင်မိုး သဲကောကြီးရွာ၊ သဲကောကြီးကျေးရွာအုပ်စု၊ လယ်ဝေးမြို့နယ် ၄။ မောင်သူရဦး(ဘ) ဦးမောင်မိုး သဲကောကြီးရွာ၊ သဲကောကြီးကျေးရွာအုပ်စု၊ လယ်ဝေးမြို့နယ်၊ ၅။ မသဲနုခိုင်(ဘ) ဦးမောင်မိုး သဲကောကြီးရွာ၊ သဲကောကြီးကျေးရွာအုပ်စု၊ လယ်ဝေးမြို့နယ် သိစေရမည်။

အထက်အမည်ပါ ဒေါ်အမာတင် ပါ၂က ဤရုံးသို့ လယ်ဝေးခရိုင်တရားရုံး၊ တရားမပြင်ဆင်မှုအမှတ် ၂/၂၀၂၄အမှုတွင် မူလမြို့နယ်တရားရုံးအမိန့်ကို ပယ်ဖျက်၍ ကော်မရှင်နာအစီရင်ခံစာအရ အိမ်ဝိုင်းခြံမြေကွက်(၁)ကွက်အား အမွေပုံပစ္စည်းအဖြစ် သတ်မှတ်ကြောင်း ပြင်ဆင်ချမှတ်လိုက်သည့် အမိန့်အပေါ် မူလရုံးတရားပြိုင်(၁၊ ၃)တို့မှ ပြင်ဆင်မှု တင်သွင်းလျှောက်ထားလာသဖြင့် သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၂၅ခုနှစ်၊ ဧပြီလ ၂၂ ရက်(၁၃၈၇ ခုနှစ်၊ တန်ခူးလဆုတ် ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါ လျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၅ခုနှစ်၊ မတ်လ ၂၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ပွင့်ဖြိုးလင်း)
လက်ထောက်ညွှန်ကြားရေးမှူး
တရားမတရားစီရင်ရေးဌာန
မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောင်လံမြို့၊ စက်ရုံရပ်ကွက်၊ အကွက်အမှတ်(၁၈/ပြည်တော်အေး)၊ ဦးပိုင်အမှတ်(ဃ/၁၂၃)၊ မြေဧရိယာ(၀ဒသမ၂၄၄)ကေအနက်မှ တောင်ဘက်(၀ဒသမ၀၄၃)ဧကရှိ ဘိုးဘပိုင်မြေကွက်များသည် အောင်လံမြို့နယ်မြေစာရင်းဦးစီးဌာနရှိ စာရင်းမြေပုံများတွင် ဦးသန်းရွှေအမည်ပေါက်ပြီး ၎င်းအမည်ပေါက် အိမ်မြေကွက်အား (၁၃-၂-၂၀၂၅)ရက်စွဲပါ အရောင်းအဝယ်စာချုပ်အမှတ်(၅/၂၀၂၅) တို့အရ ဦးမြင့်ကြိုင်၊ ဒေါ်ပန်းရီတို့မှ ၎င်းတို့အမည်သို့ အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၃၀)ရက်အတွင်း စာရွက်စာတမ်းမူရင်းအထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **မြို့နယ်ဦးစီးဌာနမှူး အောင်လံမြို့နယ်မြေစာရင်းဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောင်လံမြို့၊ စက်ရုံရပ်ကွက်၊ အကွက်အမှတ်(၁၈/ပြည်တော်အေး)၊ ဦးပိုင်အမှတ်(ဃ/၁၂၃)၊ မြေဧရိယာ(၀ဒသမ၂၄၄)ကေအနက်မှ (၀ဒသမ၀၄၃)ကေရှိ ဘိုးဘပိုင်မြေကွက်များသည် အောင်လံမြို့နယ်မြေစာ ရင်းဦးစီးဌာနရှိစာရင်းမြေပုံများတွင် ဦးသန်းရွှေအမည်ပေါက်ပြီး ၎င်းအမည်ပေါက် အိမ်မြေကွက်အား(၁၃-၂-၂၀၂၅)ရက်စွဲပါ အရောင်းအဝယ်စာချုပ်အမှတ်(၆/၂၀၂၅)တို့အရ ဦးဇော်နိုင်၊ ဒေါ်အေးအေးသောင်းတို့မှ ၎င်းတို့အမည်သို့ အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၃၀)ရက်အတွင်း စာရွက်စာတမ်းမူရင်းအထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **မြို့နယ်ဦးစီးဌာနမှူး၊အောင်လံမြို့နယ်မြေစာရင်းဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောင်လံမြို့၊ တရော်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၄/တရော်ကုန်း)၊ ဦးပိုင်အမှတ်(၃၁၁)၊ မြေဧရိယာ(၀ဒသမ၁၆၅)ကေအနက်မှ (၀ဒသမ၀၈၃)ကေရှိ ဘိုးဘပိုင်မြေကွက်များသည် အောင်လံမြို့နယ် မြေစာရင်းဦးစီးဌာနရှိစာရင်းမြေပုံများတွင် ဒေါ်သေးသေး၊ ဦးစံညိမ်း အမည်ပေါက်ပြီး ၎င်းအမည်ပေါက်အိမ်မြေကွက်အား (၁၀-၂-၂၀၂၅)ရက်စွဲပါ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်(၂/၂၀၂၅)နှင့်(၁၉-၂-၂၀၂၅)ရက်စွဲပါ အရောင်းအဝယ်စာချုပ်အမှတ် (၇/၂၀၂၅)တို့အရ ဒေါ်နှင်းယုယုစံမှ၎င်းအမည်သို့ အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ(၃၀)ရက်အတွင်း စာရွက်စာတမ်းမူရင်းအထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **မြို့နယ်ဦးစီးဌာနမှူး၊အောင်လံမြို့နယ်မြေစာရင်းဦးစီးဌာန**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1A/6554 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်း လျှောက်ထားကြောင်း ကြေညာစာ

မြင်းခြံမြို့၊ အမှတ်(၁၀)ရပ်ကွက်၊ အကွက်အမှတ်(၁၆)၊အကွက်အမည်(ကွေ့ကြီးအရှေ့)၊ ဦးပိုင်အမှတ်(၁၄၁.လ)၊ ဧရိယာ(၀ဒသမ၀၃၂)ကေရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော်- လမ်း
(ခ) အနောက်လားသော်- ဦးပိုင်အမှတ်(၁၄၁.ဍ)
(ဂ) တောင်လားသော်- ဦးပိုင်အမှတ်(၁၄၁.ဏ)
(ဃ) မြောက်လားသော်- ဦးပိုင်အမှတ်(၁၄၁.ရ)

အထက်ဖော်ပြပါ မြေကို (ဘိုးဘပိုင်အမည်ပြောင်း) ပေးရန် ဦးဝေဇင်ထွန်းမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကိုပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက် မတိုင်မီဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများနှင့် တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။ သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိ ပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး
မြို့နယ်မြေစာရင်းဦးစီးဌာန
မြင်းခြံမြို့

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅ နည်းဥပဒေ ၂၀(၁)
## ကျိုင်းတုံခရိုင်တရားရုံးတော်၌
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂

| | | |
|---|---|---|
| ဦးစိုင်းဝန်းကျောက် | နှင့် | ဦးစိုင်းယီယန်း |
| တရားလို | | တရားပြိုင် |

ကျိုင်းတုံမြို့၊ ရပ်ကွက်(၃)၊ နောင်ခမ်းရပ်နေ ဦးစိုင်းယီယန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ကျိုင်းတုံမြို့၊ ရပ်ကွက်(၃)၊ နောင်ခမ်းရပ်နေ ဦးစိုင်းဝန်းကျောက်က ကတိပဋိညာဉ်အတိုင်း မြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ မတ်လ (၂၄) ရက် (၁၃၈၆ ခုနှစ်၊ တပေါင်းလဆုတ် ၁၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့်သင်က ထုချေတင်ပြ အမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မတ်လ(၁၇)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ထွန်းကျော်)
ဒုတိယခရိုင်တရားသူကြီး
ကျိုင်းတုံခရိုင်တရားရုံး

## လူပျောက်ကြော်ငြာ



ဦးကောင်းစံဝင်း အသက်(၅၆နှစ်)ရှိ (စိတ်ဝေဒနာရှင်)သည် ၈-၃-၂၀၂၅ ရက်တွင် နေအိမ်မှ ထွက်ခွာသွားပါသည်။ ၎င်းဦးကောင်းစံဝင်းသည် ညာခြေထောက် ဒူးဆစ်အောက် ပြတ်နေပြီး ခြေတု တပ်ထားပါသည်။ တွေ့ရှိပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်သို့ ဆက်သွယ်ပေးပါရန်။ **ကျေးဇူးဆပ်ပါမည်။**

**ဆက်သွယ်ရန်ဖုန်း-၀၉-၇၅၃၆၃၂၃၇၄၊ ၀၉-၇၅၇၉၇၇၂၁၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

